# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၃၁၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ၂၃၀ ကေဗွီ နမ့်စန် - မိုင်းပျဉ်း - ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈)မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားတက်ရောက်ဖွင့်လှစ် မိန့်ခွန်းပြောကြား

ကျိုင်းတုံ ဩဂုတ် ၈

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း– ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈)မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် မိန့်ခွန်းပြောကြားသည်။






နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနား အဖွင့်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ–၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းမှ ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❄



ကျေးလက်လူမှုစီးပွား မြင့်မားဖို့ ကျေးလက်လမ်းတွေ အဆင့်မြှင့်စို့ ဆောင်းပါး စာ » ၈

စီးပွားရေးပိတ်ဆို့မှုက ဆီးရီးယားနိုင်ငံ ပဋိပက္ခ အဆုံးသတ်နိုင်ရေး အဖြေတစ်ခု ဖြစ်ပါ့မလား နိုင်ငံတကာရေးရာ စာ » ၁၄

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ » ၁၆

# နိုင်ငံ့အပေါ်တွင် ရှိသည့် တာဝန်ကျေပွန်ရေး

နိုင်ငံသားဟူသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် နိုင်ငံတစ်နိုင်ငံဟူ၍ ဖြစ်ပေါ်လာရန်မှာ (၁) နိုင်ငံသား၊ (၂) နိုင်ငံပိုင်နက်နယ်နိမိတ်၊ (၃) အစိုးရနှင့် (၄) အချုပ်အခြာအာဏာဟူသော အင်္ဂါလေးရပ်လုံးနှင့် ပြည့်စုံရမည်ဖြစ်သည်။ ဤတွင် နိုင်ငံနယ်နိမိတ်တည်တံ့ခိုင်မြဲရေး၊ အုပ်ချုပ်သူအစိုးရဖွဲ့စည်းဖြစ်ပေါ်လာရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးစေရေးတို့အတွက် ကာကွယ်စောင့်ရှောက်သူ၊ တည်ဆောက်ဖွဲ့စည်းသူ၊ ထိန်းသိမ်းသူတို့မှာ နိုင်ငံသူ နိုင်ငံသားများပင် ဖြစ်သည်။

နိုင်ငံသားဟုဆိုရာတွင် နိုင်ငံတော်အတွင်း မွေးဖွားကြီးပြင်း၍ အလိုအလျောက် နိုင်ငံသားဖြစ်လာသူများရော ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရသူများပါ ပါဝင်ပြီး နိုင်ငံသားတိုင်းတွင် ထမ်းဆောင်ကြရမည့် နိုင်ငံသားတာဝန်များရှိသလို ခံစားကြရမည့် နိုင်ငံသားအခွင့်အရေးများလည်း ရှိကြသည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားများ အရည်အချင်းပြည့်ဝသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ အသိပညာ၊ အတတ်ပညာ နည်းပါးချို့တဲ့၊ တီထွင်ကြံဆဖန်တီးနိုင်သည့် စွမ်းရည်မရှိ၊ စဉ်းစားဝေဖန်ပိုင်းခြားနိုင်မှု နတ္ထိနှင့် နှလုံးရည်သတ္တိတို့ အားနည်းလှစွာနှင့်သာ ဆိုပါမူ ကမ္ဘာ့အလယ်တွင် သိမ်ငယ်အောက်တန်းကျရသည့် ဘဝသို့ ကျရောက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံသားတိုင်း အရည်အချင်းပြည့်ဝရေးဟူသည် နိုင်ငံတော်က ပြုစုပျိုးထောင်ကာ အခွင့်အလမ်းဖန်တီးပေးထားရန် လိုအပ်သလို နိုင်ငံသား တစ်ဦးချင်းစီက မိမိတို့၏ အရည်အချင်းများကို မြှင့်တင်ရန် ကြိုးပမ်းနေဖို့ လိုအပ်သည့် အရေးအရာလည်းဖြစ်သည်။ သို့မှသာ အရည်အချင်းပြည့်ဝမြင့်မားသည့် နိုင်ငံသူ နိုင်ငံသားများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်လာမည့် နိုင်ငံတော်အစိုးရက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၉၀ ကျော်သာလိုတော့သလို ရွေးကောက်ပွဲကျင်းပမည့်ကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ ရွေးကောက်ပွဲက နိုင်ငံအတွက် နိုင်ငံရေးအရ အရေးကြီးသလို ကူးစက်မြန်ကပ်ရောဂါကလည်း နိုင်ငံအတွက် ကျန်းမာရေးအတွက် အရေးကြီးသည်။ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးကိုလည်း မထိခိုက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ''ရွေးကောက်ပွဲကို ကျန်းမာရေးစိန်ခေါ်မှုကြားထဲမှ အောင်အောင်မြင်မြင်ဖြင့် ကျန်းမာရေး မထိခိုက်ဘဲ ကျင်းပနိုင်သည်ဆိုလျှင် နိုင်ငံအတွက် နိုင်ငံရေးအရ နိုင်ငံတကာတွင် အောင်မြင်မှုကြီးတစ်ခုဖြစ်ပါကြောင်း'' နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားထားသည်။

"မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင်၊ မဲစာရင်းမှန်အောင်၊ မှန်မှန်ကန်ကန်မဲစာရင်းပါအောင် လုပ်ဆောင်ရန် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်တို့အားလုံး ပူးပေါင်းပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း" ဖြင့်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့သလို "အစိုးရ၏ တာဝန်သည် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်သည့် အခြေအနေဖြစ်အောင် လုပ်ပေး ရမည်ဖြစ်ကြောင်း၊ ပြည်သူ့တာဝန်သည် ယင်းအခွင့်အရေးကို သုံးပြီး မဲပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူများက နိုင်ငံ့အပေါ်တွင် ရှိသည့်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ရန် ဖြစ်ပါကြောင်း" ဖြင့်လည်း မှာကြားခဲ့ရာ အစိုးရနှင့် ပြည်သူတာဝန်ကိုယ်စီရှိကြသည်နှင့်အညီ ကိုယ်စီတာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဆီမီးကံကျေးရွာ ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီးလွှတ်တော် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အလုပ် သမားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့နယ် ရဲကုန်းကျေးရွာအုပ်စု ဆီမီးကံကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဆီမီးကံတွဲဖက်အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ များပြားသဖြင့် ဆရာ ဆရာမ လုံလောက်မှုမရှိသည့်အပြင် ဆရာ ဆရာမများ ငှားရမ်းသင်ကြားရသည့်အတွက် လစဉ်ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျလျက်ရှိကြောင်း တင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးက ပညာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုခဲ့ပြီး လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ပေးအပ်သည်။

ဆက်လက်၍ ဆီမီးကံကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဒေသခံပအိုဝ်းတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှု၊ စာပေ၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး ကဏ္ဍအလိုက်တင်ပြဆွေးနွေးမှုများအား ဝန်ကြီး ဒေါ်နော်ပွယ်စေး၊ လွှတ်တော်ရေးရာကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စာသင်ကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဆီမီးကံကျေးရွာနှင့် ရဲကုန်းကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းပိုင်းရှိ မဲဟော်ချောင်း တံတားတည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ် / ကျေးကော်မရှင်အဖွဲ့ခွဲများလုပ်ငန်းဆိုင်ရာစည်းဝေး

သီပေါ ဩဂုတ် ၈

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်အတွက် မိမိအမည်စာရင်းပါ မပါ၊ လိုအပ်ပါက ကန့်ကွက်လွှာနှင့် ဖြည့်စွက်ပြင်ဆင်ရန်အတွက် ဩဂုတ် ၁၄ ရက်အထိ ရက်ပေါင်း ခုနစ်ရက် ထပ်မံ တိုးမြှင့်ပေးထားကြောင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံခြင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မြို့နယ်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးစိုင်းမင်းလွင် က ပြည်ထောင်စုကော်မရှင်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့၏ ရွေးကောက်ပွဲဆိုင်ရာ ညွှန်ကြားချက်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ အထွေထွေရွေးကောက်ပွဲအတွက် ကပ်ထားကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းများ၏ အားသာချက်၊ အားနည်းချက်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာခြင်းအတွက် နေ့ထွက်စရိတ် ချီးမြှင့်ထုတ်ပေးခြင်းကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈ ခု အတွက် နေ့ထွက် ချီးမြှင့်စရိတ်ငွေများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အစု၊ အဖွဲ့အလိုက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကိုဗစ်-၁၉ ကာလတွင် စာပေမြတ်နိုးသူများ စာအုပ်စာပေဖတ်ရှုမှုများလာ

ရန်ကုန် ဩဂုတ် ၈

Yangon Book Plaza တွင် စာအုပ်အမျိုးအစားပေါင်း များစွာထားရှိပြီး စာအုပ်အားလုံးကို လျှော့ဈေးနှုန်းဖြင့် ဖြန့်ဝေခြင်းဖြစ်ရာ အွန်လိုင်းမှ ဖြန့်ချိခြင်းကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စာအုပ်တိုက်ပေါင်း၃၀ ကျော်ရှိ စာအုပ်များအား ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ဖြန့်ဝေလျက်ရှိပြီး စာပေဖတ်ရှုလေ့လာမှုဖြင့် ဗဟုသုတရရှိခြင်းသည်နိုင်ငံအတွက် မှန်ကန်သောရွေးချယ်မှုကို ရရှိစေမည်ဖြစ်၍ ထိုရွေးချယ်မှုသည် တိုင်းပြည်အနာဂတ်ဖြစ်သောကြောင့် စာပေကဏ္ဍသည် နိုင်ငံအတွက် အရေးကြီးသောကဏ္ဍတွင် ရပ်တည်နေခြင်းဖြစ်သည်။

ကိုဗစ်–၁၉ ကာလတွင် ကျန်းမာရေးသတ်မှတ်ချက်နှင့်အညီ စာအုပ်စာပေများကို ဝယ်ယူလေ့လာကြလျက်ရှိရာ လူငယ်များအများဆုံး လာရောက်ကြည့်ရှုလျက်ရှိပြီး စာအုပ်လာရောက်ဝယ်ယူသော သွားဆရာဝန် ဒေါက်တာခိုင်ဇာခြည်ကျော်က စာအုပ်တိုက်မျိုးစုံမှ စာအုပ်များကို ကိုယ်တိုင်ဖတ်ရှုပြီး ဝယ်ယူရခြင်းသည် အွန်လိုင်းမှဝယ်ယူခြင်းထက် ပိုမိုအားရကြောင်းနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဦးချင်းစီအရည်အသွေးများ လိုအပ်ရာ၌ ထိုလိုအပ်ချက်ကို စာပေကသာ ဖြည့်ဆည်းပေးနိုင်သောကြောင့် ယခုလို ကိုယ်တိုင်လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်း ပြောသည်။

စာပေဖတ်ရှုနိုင်ရန် စာအုပ်စာပေထုတ်ဝေရာ၌ တွက်ခြေကိုက်မှုနည်းလာသည်ကို စာပေဝါသနာရှင်များ သိရှိကြသဖြင့် ယခုလို လျှော့ဈေးဖြင့် ရောင်းချခြင်းကို ကျေးဇူးတင်ရှိကြကြောင်း၊ Yangon Book Plaza အနေဖြင့် သုံးနှစ်ပြည့်တွင် စာအုပ်အမျိုးအစားပေါင်း တစ်သိန်းခန့်ကို ဈေးနှုန်းလျှော့၍ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

သန်းထိုက်

## သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



နမ့်ခမ်း ဩဂုတ် ၈

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နမ့်ခမ်းမြို့မရဲစခန်းရှိ တပ်ဖွဲ့ဝင်မိသားစုများအား ဩဂုတ် ၈ ရက်က မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြောပြီး ခြင်၊ ပိုးလောက်လမ်း သေစေနိုင်သော ဆေးထည့်ခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်စိမ်းစမ်းနွယ်နှင့် သူနာပြု ဒေါ်သစ်သစ်ဦးတို့က အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်လင်းသိန်း၊ စခန်းမှူး တင်ဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် NMBG ပရဟိတလူမှုကူညီရေးအသင်းတို့က ရဲစခန်းဝင်းအတွင်းရှိ ရေတွင်း၊ ရေကန်များ၊ ရေမြောင်းများ၊ ရေဝပ်သောနေရာများတွင် ခြင်၊ ပိုးလောက်လမ်းများ သေစေနိုင်သည့်ဆေးထည့်ခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ဝေမွန်(ရွှေရည်မြေ)

တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း အသိပညာပေး လှုံ့ဆော်မှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ ပူးပေါင်းဆောင်ရွက်ရာ ဩဂုတ် ၈ ရက်က တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက်နှင့် ကျောက်မြောင်းကြီးရပ်ကွက်များ၌ အသိပညာပေး ဆောင်ရွက်မှုများ ပြုလုပ်စဉ်။

ဇော်ဝင်း



### မုတ်သုံလေ အားအသင့်အတင့် ရှိနေ

နေပြည်တော် ဩဂုတ် ၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း– ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈)မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်း ပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အား စနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

❇ရှေ့ဖုံးမှ

ထို့နောက် မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျိုင်းတုံပင်မဓာတ်အားခွဲရုံ အပေါ်ထပ် ရှုရပ်နေရာမှ ပင်မဓာတ်အားခွဲရုံ၏ Switch Yard အား ကြည့်ရှုသည်။

**ဓာတ်အားစတင်ပို့လွှတ်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့သည် ကျိုင်းတုံပင်မဓာတ်အားခွဲရုံ Control Room သို့ ရောက်ရှိကြပြီး စက်ခလုတ်နှိပ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီးတို့က ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈) မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်း ပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**တွေ့ဆုံ**

ထို့နောက်နိုင်ငံတော်သမ္မတသည် ကျိုင်းတုံမြို့ Amazing Kengtong Resort ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**သန္နိဋ္ဌာန်ချမှတ်ထား**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့အားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပြီး နိုင်ငံတော်မှ ချီးမြှင့်သည် လစာစရိတ်၊ အဆောင်အယောင်များကို ခံစားနေကြသူများ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ဝန်ထမ်းများ လိုက်နာရမည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းဖြင့် ပြည်ထောင်စုစနစ်ကို ခိုင်မာစေမည်ဖြစ်ပြီး ပြည်ထောင်စုစနစ် တည်ဆောက်ခြင်းဖြင့် ဒီမိုကရေစီအုတ်မြစ် ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဦးစီးဦးဆောင်ပြုသော်လည်း ဝန်ထမ်းများ၏ မောင်းနှင်အားသည် အဓိကဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ မောင်းနှင်အား

စာမျက်နှာ ၄ သို့








နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ Control Room ၌ စက်ခလုတ်နှိပ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံမြို့ Amazing Kengtong Resort ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကောင်းမွန်မှုအပေါ် မူတည်ပြီး နိုင်ငံတော်၏ ဒီမိုကရေစီ ယန္တရား မြန်ဆန်ကောင်းမွန်မည် ဖြစ်ပါကြောင်း။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

နိုင်ငံသားတိုင်း တရားမျှတမှုကို ခံစားခွင့်ရှိသည့် အတွက် ဝန်ထမ်းများအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် တရားမျှတမှုဖြင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုမျိုး ပေးစေလိုပါကြောင်း၊ မိမိကိုယ်ကိုမိမိ အုပ်ချုပ်သူအဖြစ် မမြင်စေလိုဘဲ ပြည်သူကို အလုပ်အကျွေးပြုသူအဖြစ် ပြောင်းလဲကျင့်သုံးခံယူရန် လိုအပ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း အပြန်အလှန် နားလည်မှုဖြင့် ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရာတွင် မိမိတို့၏ အလေ့အကျင့် အလေ့အထများကို ခေတ်စနစ်နှင့်အညီ ခေတ်ရေစီးကြောင်းအပြောင်းအလဲအပေါ် မူတည်၍ လိုက်ပါပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရခြင်းသည် ရတောင့်ရခဲ အချိန်အခါကောင်းတွင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အားလုံး တက်ညီလက်ညီ လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် ငြိမ်းချမ်းသာယာဝပြောပြီး တန်းတူရည်တူ အခွင့်အရေးရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် လူမျိုး၊ ဘာသာ၊ ဒေသ၊ နယ်မြေ မခွဲခြားဘဲ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့မှ တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

◆ မိမိကိုယ်ကိုမိမိ အုပ်ချုပ်သူအဖြစ် မမြင်စေလိုဘဲ ပြည်သူကို အလုပ်အကျွေးပြုသူအဖြစ် ပြောင်းလဲကျင့်သုံးခံယူရန် လိုအပ်၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း အပြန်အလှန် နားလည်မှုဖြင့် ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်

◆ ငြိမ်းချမ်းသာယာဝပြောပြီး တန်းတူရည်တူအခွင့်အရေးရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လူမျိုး၊ ဘာသာ၊ ဒေသ၊ နယ်မြေမခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလို



# ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း**

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)

ယနေ့ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်၊ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်းနဲ့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံများ ဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လျှပ်စစ်ဓာတ်အား စတင် ပို့လွှတ်ခြင်းအခမ်းအနား သို့ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။

ယခင်ကဆိုရင် ဒီဇယ်ဓာတ်အားပေးစက်များ၊ အသေးစား ရေအားလျှပ်စစ်စက်များနဲ့ အချိန်ပိုင်းသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့တဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသတွေကို ယခုဆိုရင် နိုင်ငံတော်ဓာတ်အားစနစ်ကနေပြီး ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ပါတယ်။ ယခုလို ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသတွေကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနဲ့ မိုင်းပျဉ်းနဲ့ ကျိုင်းတုံပင်မဓာတ်အား ခွဲရုံကြီးများ အသစ်တည်ဆောက်ခြင်းအပြင်၊ နမ့်စန်မြို့က မူလရှိပြီးသား ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံကို ၂၃၀ ကေဗွီအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းတွေကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

## အစီအစဉ်များ ချမှတ်ဆောင်ရွက်

ကျွန်တော်တို့အစိုးရဟာ နိုင်ငံတော်ကဏ္ဍပေါင်းစုံမှ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့

> ❖ ကျွန်တော်တို့ အစိုးရအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသား လူမျိုးများအားလုံး သာတူညီမျှဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ သောက်သုံးရေ ရရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်လျက် ရှိရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ နိုင်ငံတစ်ဝန်းလုံးမှာ လမ်းကွန်ရက်များ ဖြန့်ကြက်တည်ဆောက်နေသလို လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်ကိုလည်း အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံအနှံ့ဖြန့်ကြက်ပြီး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ မဟာဓာတ်အား လိုင်းနဲ့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေအမြောက် အမြား အသုံးပြုပြီး အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိတယ်။

## တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့

နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးဟာ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တာကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ အချိန်ကစလို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ အသုံးစရိတ်များကို လျှပ်စစ်ကဏ္ဍအတွက် ဦးစားပေး ခွဲဝေသတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ၄ နှစ်ကျော် ကာလ အတွင်း စုစုပေါင်း (၂၀၀၅) မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့ပြီလည်း ဖြစ်တယ်။

## ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားလူမျိုးများအားလုံး သာတူညီမျှဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့တာနဲ့အညီ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

ထုတ်လုပ်ပေးခဲ့တဲ့ ဓာတ်အားများကို သုံးစွဲသူများအသုံးပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်မှစတင်၍ ၄ နှစ်ကျော်ကာလအတွင်း ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း စုစုပေါင်း (၃၃၉၄၉) မိုင်ကျော်နှင့် ခွဲရုံများအနေဖြင့် (၂၁၃၉၀) အမ်ဗွီအေကို တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

## များစွာတိုးတက်စေခဲ့

ဒါကြောင့်လည်း နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ် ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ မတ်လမှာ အများဆုံးဝန်အား (၂၈၀၀) မဂ္ဂါဝပ် သုံးစွဲနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အများဆုံး ဝန်အား (၃၈၂၈) မဂ္ဂါဝပ် သုံးစွဲလျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရ စတင် တာဝန်ယူစဉ်က တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ %) အထိသာ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုဆိုရင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၄ %) အထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးနိုင်ရေး မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးနဲ့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း များရရှိရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများကိုလည်း များစွာတိုးတက်စေခဲ့ပြီ ဖြစ်ပါ တယ်။

ရှမ်းပြည်နယ်ကို ကြည့်မယ်ဆိုရင်လည်း ၂၀၁၆ ခုနှစ်မှာ (၁၆၅) မဂ္ဂါဝပ် သာ သုံးစွဲနိုင်ခဲ့ရာမှ ယခု ၂၀၂၀ ပြည့်နှစ်မှာ (၂၅၆) မဂ္ဂါဝပ်ခန့်အထိ တိုးတက် သုံးစွဲလာနိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ၂၀၁၆ ခုနှစ်၊ မတ်လမှာဆိုရင် (၂၅.၄ %) ကိုသာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပြီး ယခု ၂၀၂၀ ပြည့်နှစ်မှာဆိုရင် (၄၅.၆ %) အထိ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၂၀-၂၀၂၂ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း (၅၀ %) အထိ လျှပ်စစ် ဓာတ်အား တိုးတက်ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။

## ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ

ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်း ထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီ ကိုယ်င ထားရှိကြရန်လည်း အထူးလိုအပ်ပါတယ်။ တိုင်းရင်းသားများ နှစ်ပေါင်းများစွာ လိုလားတောင့်တနေကြတဲ့ တိုင်းရင်းသားများရဲ့ အခြေခံ အခွင့်အရေးများ၊ တန်းတူညီမျှရေးများကို ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများကလည်း အားလုံးဝိုင်းဝန်းပူးပေါင်းပြီး တက်ညီ လက်ညီ ဆောင်ရွက်သွားကြမှသာ မျှော်မှန်းထားကြတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပန်းတိုင်ကို ရောက်ရှိကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး တူညီသောအကျိုး၊ တူညီသောအလုပ်နဲ့ တူညီသောရည်ရွယ်ချက်တွေအတွက် ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြမယ်ဆိုရင် ပြည်ထောင်စုရဲ့နယ်မြေများဖြစ်တဲ့ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ပြီး ဒီဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ကိုယ်စီကိုယ်င သာတူညီမျှ ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

## အခွင့်အလမ်းကောင်းတစ်ရပ် ရောက်ရှိ

ဒီနေ့ကျင်းပတဲ့ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲ ရုံများ ဖွင့်ပွဲဟာဆိုရင် ရှမ်းပြည်နယ်အရှေ့ပိုင်းကို လွတ်လပ်ရေးရပြီးချိန်က အစပြုလို့ ပထမဆုံးအကြိမ် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက် အောင်၊ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး လူမှုစီးပွားဘဝမြင့်မားအောင်၊ ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကောင်း၊ အခွင့်အလမ်းကောင်း တစ်ရပ်ကိုလည်း ရောက်ရှိသွားပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ယနေ့ဖွင့်လှစ်လိုက်တဲ့ ၂၃၀ ကေဗွီဓာတ်အားခွဲရုံကို ဗဟိုပြုလို့ တာချီလိတ်-မိုင်းခုတ်-မိုင်းဆတ်-မိုင်းဝ ဒေသများသို့ ဓာတ်အား လိုင်းများ တိုးချဲ့တည်ဆောက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံး ဓာတ်အားစနစ်နဲ့ ချိတ်ဆက်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံး ပြည်ထောင်စုစိတ်ဓာတ်များ ပြည်ထောင်စုအင်အားများ လက်တွဲမဖြုတ်စတမ်း ချိတ်ဆက်ထားပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ် ကို တက်ညီလက်ညီ တည်ဆောက်ပေးကြပါလို့ အလေးအနက် ဆန္ဒပြုအပ် ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

> ❒ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်က တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄%) အထိသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုဆိုရင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၄ %)အထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။
>
> ❒ ပြည်ထောင်စုတစ်ဝန်းလုံး ပြည်ထောင်စုစိတ်ဓာတ်များ ပြည်ထောင်စုအင်အားများ လက်တွဲမဖြုတ်စတမ်း ချိတ်ဆက်ထားပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကို တက်ညီလက်ညီ တည်ဆောက်ပေးကြ။

# ကျောက်မော် ၅ မြို့

သောင်းဧကတု

တောင်ငူ ၅၂ မြို့တွင်ပါဝင်သောမြို့ ၅ မြို့မှာ ကျောက်မော်၊ ကျောက်စရစ်၊ ကျောက်ကြီး- ကတ်ကြေး၊ ကျောက်ဖျာ (ကြောင်ပြာ)၊ ကျောက်စောင်းတို့ဖြစ်ပြီး ဒေသခံများက ကျောက်မော် ၅ မြို့ဟု ခေါ်ကြသည်။ ကျောက်မော်နှင့် ကြောင်ပြာမှာ မူလကဟံသာဝတီ ၃၂ မြို့တွင် ပါဝင်သော်လည်း တောင်ငူခေတ် မင်းကြီးညိုလက်ထက်မှစ၍ တောင်ငူပိုင်သောနယ် ဖြစ်လာခဲ့သည်။

**ကျောက်မော်မြို့**

၁၁၄၆ ခုနှစ်၊ တောင်ငူစစ်တမ်းတွင် "ကျောက်မှော်" ဟုရေးသည်။ မြို့သူကြီး ပုံချီကျော်စွာ(နံ ၄) အသက် ၃၄ နှစ်ကို မေးသော်ဆိုသည်။ ကျောက်မော်မြို့ကို ဟံသာဝတီ ရောက်မင်းထက် ဘိုးစံလှ၊ လှ ကြီးစိုးစီရင်သည်။ မရှိလျှင် လှတွင် သားမရှိ ညီတုတ်ကျော် ကြီးစိုးစီရင်သည်။ မရှိလျှင် သားကျွန်တော် ပုံချီကျော်စွာ ဆက်ခံကြီးစိုးစီရင်သည်။ ကျော်မော်မြို့နယ်သည် အရှေ့ကိုတာ ၁၀၀၀၀ ခန့်ကွာ သံလွင်မြစ်ထိ၊ တဘက်ဇင်းမယ်မြေနှင့်ကျောခိုင်း၊ အရှေ့တောင်ကို ၅ တိုင်ကွာကျောက်ချမ်း၊ တောင်ပိန်း၊ ပင်မဲမောင်အထိ တဘက်ရွှေကျင်မြေနှင့် ကျောခိုင်း၊ တောင်ကို ၈ တိုင်ကွာ ဘုရားသုံးဆူ၊ ဂုံတိုင်အင်း ဆွဲတလွဲ တောင်အထိတဘက် ရွှေကျင်မြေနှင့် ကျောခိုင်း၊အနောက် တောင်ကို တာ ၁၀၀၀၀ ခန့်ကွာ ညောင်ပင်သာ၊ သရက် ကိုင်းကျိုး ၊ သဲဖြူချောင်း ဥန္နဲပင် မင်းလမ်းမထိ ၊ အနောက် ကိုတာ ၁၀၀၀၀ ခန့်ကွာ ကျွဲမကူး၊ ကျောက်လုံးကြီး၊ သေပလဲအင်ပင်ထိ ၊ တဘက်ဇေယျဝတီမြေနှင့် ကျော် ကိုင်း အနောက်မြောက်ကို အင်းသုံးပင် ရေလဲချောင်း၊ အသဝီထိ ၊ တဘက်ကျောက်ကြီး ၊ ကတ်ကြေးကြောင်ပြာ မြေနှင့်ကျောခိုင်း၊ မြောက်ကို တာ ၁၀၀၀၀ ကွာ ရေတံခွန် စိုင်သဲထိ၊ တဘက်ကျောက်ကြီး ကတ်ကျေးမြေထိ၊ အရှေ့မြောက်ကို တာ၁၀၀၀၀ ကျော်ကွာ လိုမတိကျောက် တောင်ထိ တဘက်ဇင်းမယ်မြေနှင့်ကျောခိုင်း၊ ဤနယ် ၈ ရပ်အတွင်း လုပ်သားတို့မှာ ကျွဲတရှဥ်းလျှင် အခွန်စပါး ၁၀ တင်း၊ ကြွက်စား ၁ တင်း၊ ဝန်စားတတင်း ရေးစား တခွဲ၊ ကျီးစိုး ၁ တင်း၊ ကျီစာရေး ၁ ခွဲ၊ သူကြီးစား ၁ တင်း အင်းဆည်လုပ်သူတို့မှာ တကိုယ်လျှင်ခွန်မငွေရွက်နီ ၂ ကျပ်၊ ပိုက်လုပ်သူတို့မှာ ခွန်သေတနှစ်လျှင် ပိုက်တ ဘောင်ရှိ၊ ကွန်လုပ်သူတကိုယ်လျှင် ၁ိ၊ သစ္စးခွန်အထက် ထိုး ၁ိ၊ အောက်ထိုး ၂ မတ် ကိုင်းရာခွန် ဓားမတစင်းလျှင် ငါးမူး၊ သစ်ရင်းခွန်လှည်း ၁၀ စီးလျှင် ဝန်စား ၁ ကျပ်၊ ရေးငါးမူး၊ ကင်းကိုင်ကင်းရေး ၁ မူး၊ ဆားငါးပိမှာ ထုံးဝါ ၁ လုံးလျှင် ၆ မူး၊ ကင်းကိုင်ကင်းရေး ၁ ပဲ၊ လိပ်သောင် ခွန်သေ ငွေရွက်နီ ၄၀ ကျပ်၊ တောင်ယာလုပ်ကရင်တို့မှာ တခမ်းလျှင်စပါး ၅ တင်း ထမ်းရသည်။ ဆင်ဖြူရှင်ဘုရား လက်ထက်ကသည် ရွှေလက်ထက်တော်တိုင် စပါး မဆက်ရ။ စပါး ၅ တင်းအဘိုး ငွေရွက်နီ ၁ ကျပ်၊ ခွန်မ ၁၀ိ လျှင် ဝန်စား ၁ိ၊ ရေးစားငါးမူး အခွန်ကို မြို့စား ရှိလျှင် မြို့စားကို ဆက်ရိုး၊ မြို့စားမရှိလျှင် တောင်ငူ တိုက်တော်မှာ ဆက်သွင်းရသည်။ ကွမ်းသီးခွန်ထမ်း ကရင်တို့မှာ တနှစ်လျှင်အခွန်တော် ကွမ်းသီး ၃၇၀ ပိဿ၊ ဝန်စား ၁၃၊ အဆောင် ၃၇၊ ရေးစား ၅၀၊ တံခါးနီ ၂ ပိဿ၊ အခွန်တော်ကို မြို့စားကသိမ်းခံ၍ဆိုင်ရာ ဆက်သွင်း ရိုးမြို့စားမရှိလျှင် တောင်ငူအခွန်ဝန် အခွန်စာရေးတို့က သိမ်းခံ ဆက်သရသည်။ ကျွဲဝင်နွားဝင် ၊ တရားကွမ်းဘိုး စီရင်ရသည်များကို အရာတော် တဝက်ဆက်သွင်းရသည်။ ကျောက်မော်မြို့သူကြီး ပုံချီကျော်စွာ ထွက်ဆိုချက်နှင့် တင်ဆက်သည့် စာရင်းဘုရား။

ကျောက်မော်မြို့ကို တောင်ငူရာဇဝင် တီ ၉ တီတွင် "သေလာဝတီ" ဟုခေါ်တွင်သည်။ စစ်တောင်းမြစ်အရှေ့ ဘက်ကမ်း တောင်ငူ မုပ္ပလင်ကားလမ်းပေါ်တွင် တည်ရှိသည်။ ဂဝံဖြင့် တည်ဆောက်ထားသော မြို့ရိုးရှိသည်။ မြို့ဟောင်း၏တောင်ဘက် ဘောဂထချောင်းနံဘေးတွင်



ဉာဏ်တော် ၉၉ တောင်မြင့်သော ကျောက်မော်စေတီတည်ရှိသည်။ မြတ်စွာဘုရား၏ ဆံတော်နှင့် သွားတော်ဓာတ် ဌာပနာထားပြီး သီရိမာသောကမင်းက တည်ထားခဲ့သည်။

**ကျောက်ကြီးကပ်ကျေးမြို့**

ယခု ကျောက်ကြီးမြို့ဖြစ်သည်။ ကျောက်ကြီးချောင်းက မြို့ကို ၂ ပိုင်းခွဲခြားထားသည်။ တောင်ငူစစ်တမ်း (၁၁၄၆ ခုနှစ်)တွင် ကျောက်ကြီးကပ်ကျေးရွာသူကြီး ငဆုတောင်း (အသက် ၂၀) ကိုစစ်မေးရာ ဤရွာကို ကျွန်တော်၏ ဘေးငသော်ဦး ကြီးစိုးစီရင်သည်။ မရှိလျှင်သား ငချစ်ဆွေ ကြီးစိုးသည်။ မရှိလျှင်သား ငကျော်ဦး ကြီးစိုးသည်။ သားငချေအို ကြီးစိုးသည်။ ငချေကို အိုမစွမ်းမဆောင် မရွက်နိုင်လျှင် သား ကျွန်တော် ငဆုတောင်းဆက်ခံကြီးစိုးစီရင်သည်။

ကျောက်ကြီးကပ်ကျေးရွာနယ်သည် အရှေ့ကို တာနှစ်သောင်းကွာ လိုမထိ ဇော်ဂျီတောင်ကြီး အထိ၊ တဘက် မင်းတပ်မြေနှင့်ကျောခိုင်း၊ အရှေ့တောင်ကို တာတသောင်း ၅ တိုင်ကွာ ဘောဘယ်ထိုမှိုင်းသယ် အထိ၊ တဘက်ကျောက် မော်မမြေနှင့်ကျောခိုင်း ၊ တောင်ကို ၄ တိုင်ကွာ ကျောက် တန်းအထိ၊ တဘက်ကျောက်မော်မြေနှင့် ကျောခိုင်း၊ အနောက်တောင်ကို ၅ တိုင်ကွာ နောင်ကုန်းအသဝီ အင်းထိ၊ တဘက် ကျောက်စရစ်မြေနှင့် ကျောခိုင်း၊ အနောက်ကို ၄ တိုင်ကွာ ရေလဲအင်ပင် ၃ ပင်အထိ၊ တဘက်ကြောင်ပြာ မြေနှင့်ကျောခိုင်း၊အနောက်မြောက်ကို ၂ တိုင်ကွာ မိကျောင်း ခေါင်းအင်း မြောက်ဘက်တောင်ပို့ ၃ လုံးအထိ တဘက် ကြောင်ပြာမြေနှင့်ကျောခိုင်း၊ အရှေ့မြောက်ကို တာ ၁၀၀၀၀ ကွာ ရေတံခွန်ထိ တဘက်မင်းတပ်မြေနှင့် ကျောခိုင်း၊ နယ်ရှစ်ရပ်အတွင်း ဝတ်မိုးဝတ်မြေမရှိ၊ နယ်အတွင်း လုပ်သားတို့မှာ ကျွဲတရှဥ်းလျှင် စပါး ၁၀ တင်း အခွန်ထမ်းရသည်။ ကိုင်းလုပ်သူတို့မှာ ဓားမတစင်းလျှင် ငွေရွက်နီ ၂ မတ် ၊ အင်းခွန်တကိုယ်လျှင် ခွန်မရွက်နီ ၂ိ၊ တောင်ယာ လုပ်ကရင်တို့မှာ တခန်းလျှင် စပါး ၅ တင်း၊ အဘိုးငွေ ရွက်နီ ၁ိ အခွန်ကို ရွာစားရှိလျှင် ရွာစားမှာ ဆက်သွင်ရိုး၊ ရွာစား မရှိလျှင် တောင်ငူကို ကျီးတော်တိုက်တော်မှာ ဆက်သ ရသည်။

ကွမ်းသီးထမ်း ကရင်တို့မှာ အခွန်တော် ကွမ်းသီးချိန် ၇၂၀ ပိဿ ၊ ရေးစားပင်အဆောင် ၇၂၊ ကြီးစား ၇၂၊ တိုက်စိုး ၃၆ ၊ တံခါးနီ ၇ ၊ ထမ်းရသည်။ အခွန်တော်ကိုရွာစားက ဆက်သွင်းရိုး၊ ရွာစားမရှိလျှင် တောင်ငူမြို့အခွန်ဝန်စာရေး တို့က ဆက်သွင်းရသည်။ အပေါ်ဝန်အကောက်အစား တရား ကွမ်းဘိုးတို့ကို ရွာစားရှိလျှင် ရွာစားက အရာတဝက်ဆက် သွင်းရိုး၊ ရွာစားမရှိလျှင် တောင်ငူမြို့ဝန်ရုံးမှာ ဆက်သွင်း ရသည်။

ကျောက်ကြီးမြို့တောင်ငူတန်းရပ်ရှိ ရွှေကူစေတီမှာ သူကြီးမောင်ဆုတောင်းက ဘိုးတော်ဘုရား အမိန့်ဖြင့် တည်ထားခဲ့သည်။ တပြည်လုံးတွင် ရွှေဂူစေတီ ၂၅၀ ခန့် ထိုစဉ်က တည်ခဲ့သည်။ ဆေးရုံအရှေ့ဘက်ရှိ မင်းအိုကြီး ဘုရားမှာ မောင်ဆုတောင်း၏ ဘခင်သူကြီး ငချေအို တည်ခဲ့ ကြောင်း သိရသည်။ ထိုစဉ်က ရှင်သီဝလိခြေတော်ရာ မပေါ် ပေါက်သေး၍ စစ်တမ်းတွင် မပါရှိပေ။ ခြေတော်ရာမှာ ဘကြီးတော်ဘုရားလက်ထက်ကျမှ ပေါ်ထွန်းလာခြင်း ဖြစ်သည်။

**ကျောက်စရစ်မြို့**

ယခုကျောက်တံခါးမြို့နယ်တွင် ပါဝင်ပြီး စစ်တောင်း မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ကျောက်တံခါး သမင်အင်းကုန်းမှတစ်ဆင့် သွားရသည်။ မြို့ရိုးတစ်ပတ် လည် နီးပါးကျန်ရှိသည်။ တောင်ဘက်မြို့ရှိ အစိတ်အပိုင်းမှာ လယ်ကွက်များဖြစ်နေသည်။

၁၁၄၆ ခုနှစ် စစ်တမ်းတွင် ကျောက်စရစ်မြို့သူကြီး ငပြော် (အသက် ၄၅)နှစ် ကိုစစ်မေးသော ကျောက်စရစ်မြို့ကို ကျွန်တော်၏ ဘေးငနေထွန်း ကြီးစိုးသည်။ မရှိလျှင် သားဇေယျာအောင်ကြီးစိုးသည်။ မရှိလျှင် သား ငစံပွင် ၊ မရှိ လျှင် ကျွန်တော်ငပြော်ဆက်ခံကြီးစိုးသည်။ ကျောက်စရစ်မြို့နယ် သည် အရှေ့ကို ၂ တိုင်ကွာ ကျောက်တန်းချောင်းဟောင်း အထိ၊ တဘက်ကျောက်မော်မြေနှင့် ကျောခိုင်း၊ တောင်ကို ၃တိုင်ကွာ ဆိတ်ပေါက်မြောင်း၊ ပဲပင်ဘုရား၊ သစ္စးပင်ကုန်း အထိ၊ တဘက်ရဲလှမြို့မြေနှင့်ကျောခိုင်း၊ အနောက်တောင် ကို တာ ၁၀၀၀ ကွာ ဘုရား ၃ ဆူ၊ သရက်ကိုင်းကျိုးအထိ၊ တဘက်တုံးခန်းမြေနှင့် ကျောခိုင်း၊ အနောက်ကို ၅ တိုင်ကွာ ကွေတပ်မြို့ မင်းလမ်းအထိ၊ တဘက်တုံခန်းမြေနှင့် ကျောခိုင်းအနောက်မြောက်ကို တာ ၁၀၀၀၀ ကွာ သစ် ခေါင်းပင်ခွ ၊ ကညင်ဒိုင်းအထိ ၊ တဘက်ဇေယျဝတီမြေနှင့် ကျောခိုင်း၊ အရှေ့ မြောက်ကို တာ ၁၀၀၀ ကွာ ငထွေစုတ် အင်း၊ မြက်ရဲအင်း၊ နောင်ကုန်းအထိ၊ တဘက်ကပ်ကြေးမြေ နှင့် ကျောခိုင်း၊ နယ်ရှိရပ်အတွင်း ကိုင်းလုပ်ဓါးမတစင်းလျှင် ခွန်မငွေရွက်နီ ၂ မတ်၊ လယ်လုပ်သူကျွဲတရှဉ်းလျှင် ခွန်မ စပါး ၁၀ တင်း၊ အင်းဆည်လုပ်သူတို့မှာ လူတကိုယ်လျှင် ခွန်မငွေ ၂ိ၊ အခွန်ကို မြို့စားရှိလျှင် မြို့စားမှာ ဆက်သွင်းရိုး၊ မြို့စားမရှိလျှင် တောင်ငူတိုက်တော်၊ ကျီတော်မှာ ဆက်သွင်းရသည်။

**ကြောင်ပြာမြို့**

ကျောက်ဖျားခေါ် ကြောင်ပြာမြို့ အကြောင်းကို သီးခြား ဆောင်ပါးတစ်ပုဒ် ရေးသားတင်ပြထားသဖြင့် ဤနေရာ တွင် မဖော်ပြတော့ပါ။

**ကျောက်စောင်း**

ကျောက်စောင်းရွာမှ ဖြူးမြို့နယ်တွင် ပါဝင်ပြီး စစ်တောင်းမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ စစ်တောင်းမြစ် ကမ်းပါးပြိုသဖြင့် မူလရွာဟောင်းမှာ မရှိတော့ပါ။ မင်းတရားရွှေထီးနားတော်သွင်းချောင်းတွင် " မြို့ကြီးမြို့ငယ်၊ အံ့ဖွယ်သရဲ၊ ရမစဲတည့်၊ သနဲကျောက်ဖျာ" အခါ ကပ်ကြည်၊တလည်လည်လျှင်၊ချေမည် ရှမ်းရပ်၊ တလိုင်း စပ်ကို၊ ရှုပ်ရှုပ်နင်းချိုး၊ ဘုန်းတန်ခိုးဖြင့် ခုတ်ထိုးကြေညာ" ဟုငင်း။

"တောအောင်စေခိုင်း၊ ရှမ်းအရိုင်းတို့၊ စုဆိုင်းအများ၊ ကျောက်မော်စားနှင့် မြို့အားပြည်ဝန်၊ စည်းညီပြန်မှ ရှေးလွန်စင်လျှင်၊ မုန်သွင်သွင်တိ၊ ရှေ့ဆင်ထွေပြီး၊ ရှေ့နောက်ဆီးလည်း၊ မတ်ကြီးမြေးသား၊ ပျိုးထွားရည်မှန်၊ ယုံသည်ကျွန်ကား၊ ဘို့ဝန်တာဝေ၊ စွဲကြလေဟု၊ မိန့်ထွေအရေး၊ မည် ရည်ပေးလျက်၊ ရွှေကျေးပင်လွှတ်၊ စီးတိုင်းပြတ်ရှင့်၊ ဆိုင်းလတ်စူးစား၊ သိုတိုင်သွားကို၊ ခုန်လွှားကထက်၊ တချက်ခုတ်ပိုင်း၊ စက်နှယ်ပြိုင်းလျက်၊ သန်ကိုင်းမလွတ်၊ အစုံပြတ်၍ ဝှန်ပတ် ပေါက်ပြ၊ ဆင်ကျော်ရသည်။ ရှင့်ဘမ နိုင်တောင်းတည့် ပွင့်ညောင်းနက်ရှင့် သွေး၊ ကြေရှုံးပျက်သည်။ ပြေးထွက် ပျားနှယ် ရောင်းထည့်အကြောင်း မှတ်ဘိသော။


"ဘုန်းကြွယ်ရှင့်ဘ၊ အားလုံးရရှင့်၊ တေဇထွန်ဟန်၊ ရပ်စွန်တိုင်းကား" မြစ်မနား" ကို အများပုံပင် ပြင်ဆင် ထွေဖြီး၊ ယူစေပြီး သော်၊ ဆင်စီးမြင်းသည်၊ ကာတည်သူရဲ၊ လေးစွဲချပ်ဝတ်၊ ပျိုထွက်ရည်မွန်၊ ထိုမျှကျွန်လည်း စောင်မာန်ရဲခက်၊ ထွန်းထိန်စက်သို့၊ 'ကျောက်ချက်'၊ မြောက်မှာ၊ 'ကျောက်ဖျာ' တောင်စွန်၊ ရချေပြန်သည်" ။ ဟုရေးလွှဲ ၅ ခရိုင်မြောက်ဖက်ကျောက်ချက်မှ၊ တောင် ဘက်၊ ကျောက်ဖျာ (ကြောင်ပြာ)အထိ၊ မင်းကြီးညို သိမ်းယူခဲ့သည်ကို ချောင်းတွင် ရေးသားဖော်ပြထားသည်။

**ဆည်မြောင်းမြို့**

၂၀၁၆ ခုနှစ် မတ်လက ကျောက်ကြီးသံဘိုလမ်းမှ အတွင်းဘက်သို့ တစ်မိုင်ခန့်ဝေးသောနေရာရှိ ရှေးမြို့ ဟောင်းတစ်ခုသို့ရောက်ခဲ့ပါသည်။ ကျောက်စာတစ်ခုရှိ သည်ဟု မိတ်ဆွေတစ်ယောက်ကပြောသဖြင့် သွားရောက် ခဲ့ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်တစ်ရာခန့်က ဘုန်းတော်ကြီး ကျောင်းမှစေတီနှင့် သိမ်မော်ကွန်း ကျောက်စာဖြစ်ပါသည်။ ဆည်မြောင်းမြို့ဟု ကျောက်စာ တွင် ပါရှိသည်။ ဒေသခံတို့က ထိုကျောင်း၏ မြောက်ဘက် တွင် ဆည်မြောင်းမြို့ဟောင်းရှိကြောင်းပြောပြသဖြင့် သွားရောက်ကြည့်ရှုခဲ့ပါသည်။ မြို့ရိုးကဲ့သို့ ကုန်းတန်း တစ်ခုကို ဖြတ်ဖောက်ထားသောလမ်းအတိုင်း မော်တော် ဆိုင်ကယ်ဖြင့် ဝင်ခဲ့ကြသည်။ ရှောက်ပင်၊ ကျွဲကောပင်ခြံ များကို တွေ့ရသည်။ အတန်ငယ် ဆက်သွားကြသောအခါ ၁၅ ပေခန့်မြင့်သော ကုန်းတန်းကြီးကို တွေ့ရသည်။ ချောင်းရေစီးသံကိုလည်း ကြားရသည့် ဆည်မြောင်းမြို့၏ မြောက်ဘက်မြို့ရိုးဖြစ်ပါသည်။ မြို့ရိုးအောက်ခြေတွင် စီးဆင်းနေသော သံဘိုချောင်းကိုတွေ့ရသည်။ ဂူဂဲလ်မြေပုံ တွင် ကြည့်သောအခါ အဝိုင်းပုံစံမကျတကျ မြို့ရိုးရာ ကြီးကိုတွေ့ရသည်။

တောင်ငူ ၅၂ မြို့စာရင်းတွင် တောင်ငူမြို့၏ အရှေ့ တောင်ဘက်မြို့ရံများတွင် ရှားစေးမြို့၊ ကသောင်း တောင်မြို့၊ မြို့သစ်မြို့၊ ကုလားမြို့၊ မင်းတပ်မြို့၊ မုန်းမြို့၊ ကြောင်ပြာမြို့၊ ကျောက်မော်မြို့၊ ဝတီးမြို့၊ ဆည်မြောင်းမြို့ ရွှေလွန်တောမြို့၊ ဗာရာဏသီမြို့ဟူ၍ မြို့ ၁၂ မြို့ရှိသည်။ ဆည်မြောင်းမြို့မှာ တစ်မြို့အပါအဝင်ဖြစ်သည်။ သံဘို ချောင်း၏ တောင်ဘက်လမ်းတွင်ရှိသော ခံတပ်မြို့တစ်မြို့ ဖြစ်သည်။ မြောက်ဘက်မြို့ရိုးမှာ ၁၅ ပေခန့် မြင့်သေးသည်။ ကြောင်ပြာနှင့် တစ်ခေတ်တည်းပေါ်သော မြို့ ဖြစ်နိုင်ပါသည်။

ကျောက်ကြီးနှင့် ကျောက်မော်ကြား ဘုရားလေးကုန်းဟုခေါ်သော မြို့ဟောင်းတစ်ခုလည်း ရှိသေးသည်။ အရှေ့အနောက်တန်းနေသော မြို့ရိုးကို ဖြတ်ကာ တောင်ငူ၊ မုပ္ပလင်လမ်းကို ဖောက်ထားသည်။ လမ်း အနောက်ဘက် မနီးမဝေးတွင် ကျောက်ကြီးချောင်း ရှိပါသည်။ ကျောက်ကြီးမြို့နယ်အတွင်းတွင် ကြောင်ပြာမြို့၊ ဆည်မြောင်းမြို့၊ ကျောက်ကြီးမြို့၊ ကျောက်မော်မြို့နှင့် မထင်ရှားသော ဘုရားလေးကုန်းမြို့ဟောင်းများ တောင် မြောက်တန်းကာ တည်ရှိနေပါသည်။ ယခုအခါ နယ်မြေ အေးချမ်းသာယာလာပြီးဖြစ်၍ သေချာစွာ လေ့လာကာ ထိန်းသိမ်းသင့်သော အမွေအနှစ်များဖြစ်ပါသည်။ ။




**"တောင်ငူ ၅၂ မြို့တွင် ပါဝင်သောမြို့ ၅ မြို့မှာ ကျောက်မော်၊ ကျောက်စရစ်၊ ကျောက်ကြီး- ကတ်ကြေး၊ ကျောက်ဖျာ (ကြောင်ပြာ)၊ ကျောက်စောင်းတို့ဖြစ်ပြီး ဒေသခံများက ကျောက်မော် ၅ မြို့ဟု ခေါ်ကြသည်။ ကျောက်မော်နှင့် ကြောင်ပြာမှာ မူလကဟံသာဝတီ ၃၂ မြို့တွင် ပါဝင်သော်လည်း တောင်ငူခေတ် မင်းကြီးညို လက်ထက်မှစ၍ တောင်ငူပိုင်သောနယ် ဖြစ်လာခဲ့"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

## လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်အတူ ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာ ချီပါမျိုးသန့်ခြံသို့ရောက်ရှိပြီး ရွှေဘိုပေါ်ဆန်းနှင့် ရောမင်စပါး မျိုးသန့်ပျိုးခင်းများကို သွားရောက်ကြည့်ရှုရာ စိုက်ခြံဒုတိယတာဝန်ခံ ဒေါ်တင်မိုးနွယ်က လိုက်လံရှင်းလင်းပြသသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရွှေဘိုမြို့နယ် ချီပါကျေးရွာ မြသိန်းတန်(အနောက်) ဘုန်းတော်ကြီးကျောင်း၌ ရက်ကန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ခြံအစည်းအဝေးခန်းမ၌ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ရာ စိုက်ခြံဒုတိယတာဝန်ခံက မျိုးသန့်ခြံစိုက်ပျိုးမြေဧက အကျယ်အဝန်း၊ ရုံးအဆောက်အဦများ တည်ဆောက်ထားရှိမှုတို့နှင့် JICA အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော Seed Centre တည်ဆောက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ခွန်ကျေးရွာရှိ အသေးစားစက်မှုလုပ်ငန်း တစ်ခုဖြစ်သည့် "ဆင်နှစ်ကောင်" ရက်ကန်းစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် စက်ရုံပိုင်ရှင် ဦးသက်နိုင်မှ ဆိပ်ခွန်ကျေးရွာတွင် စက်ရက်ကန်းအလုံးပေါင်း ၄၀၀ ကျော်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော ရက်ကန်းလုပ်ငန်းရှင်များက ကိုဗစ်-၁၉ ကာလ၌တွေ့ကြုံနေရသော ကုန်ကြမ်းရရှိမှု အခက်အခဲများ၊ တရုတ်နိုင်ငံဘက်မှ ချည်ဆိုးဆေး ဝယ်ယူရရှိမှုဆိုင်ရာ အခက်အခဲများနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေရရှိမှု နည်းပါးသည့်အတွက် လုပ်ငန်းတိုးချဲ့ရန် ကြုံတွေ့နေရသော အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး စက်ရုံအတွင်း စက်ရက်ကန်းများ ချည်ထည်ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ခွန်ကျေးရွာအုပ်စု ဗိုလ်တဲကုန်းကျေးရွာရှိ လက်ရက်ကန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ချီပါကျေးရွာသို့ ရောက်ရှိပြီး မြသိန်းတန်(အနောက်) ဘုန်းတော်ကြီးကျောင်း၌ ရက်ကန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဝါပင်စိုက်ပျိုးသည်မှ အထည်ရရှိသည်အထိ အဆင့်ဆင့် တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်စေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း၊ Supply Chain တစ်ခုလုံးအတွက် ကုန်ကျစရိတ် အတတ်နိုင်ဆုံး လျှော့ချနိုင်မှသာ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

> ❐ ဝါပင်စိုက်ပျိုးသည်မှ အထည်ရရှိသည်အထိ အဆင့်ဆင့် တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်စေလို၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက်ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ

**တောင်သူများအား တွေ့ဆုံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူများအား တွေ့ဆုံပြီး တက်ရောက်လာသည့် တောင်သူများက လိုအပ်သည့် ကိစ္စရပ်များ၊ ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် ကျေးရွာအတွင်း လူဦးရေ ထူထပ်လာသဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့်အတွက် ထရန်စဖော်မာအသစ်များ တပ်ဆင်ပေးနိုင်ရေး၊ ဆည်မြောင်းများမှ ရေဖြန့်နေသည့် ရေလက်တံများ ပိတ်ဆို့နေခြင်းတို့အား ပြန်လည် ဖော်ဆောင်ပေးနိုင်ရေးနှင့် မူးလက်တံကူးတံတား နှစ်စင်းအား ပြုပြင်ပေးနိုင်ရေး၊ ရွှေဘို-ရေဦး ကားလမ်းမကြီးအား နှစ်လမ်းသွား တိုးချဲ့ပြုပြင် တည်ဆောက်ပေးနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးအတွက် ချေးငွေများ ပိုမိုရရှိနိုင်ရေးတို့အား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်လည်ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်-ပြည်လမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မက်စ်ဟိုင်းဝေး ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။





ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြည် - မကွေးလမ်းအပိုင်းအား ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူ တည်ဆောက်နေသော ဧရာဝတီတံတား (သရက်-အောင်လံ)တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဧရာဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးအောင်က တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေကို လည်းကောင်း၊ ဆက်လက်၍ ဧရာဝတီမြစ်ကြောင်း ရေလမ်းကြောင်း အခြေအနေ၊ ရေလယ်လုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ၊ အရည်အသွေး စမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ်ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်လံဘက်ကမ်း လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ Girder များ ကြိုတင်သွန်းလောင်းထားရှိမှုကို လည်းကောင်း တံတားရှင်းလင်းဆောင်ရှုရပ်မှ သရက်ဘက်ကမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဧရာဝတီတံတား (သရက်-အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိပြီး ဧရာဝတီမြစ် အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့ကို ဆက်သွယ် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည် ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ ၊ လူသွားလမ်း တစ်ဘက်လျှင် တစ်မီတာစီပါရှိ၍ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀ ၊ အမြင့် ၁၆ မီတာရှိကာ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ AASHTO HS 25 Loading ဖြစ်သည်။

ယခု တည်ဆောက်နေသည့် ဧရာဝတီတံတား(သရက်- အောင်လံ)သည် ပထမအဆင့်အနေဖြင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်မြို့နှင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း အောင်လံမြို့တို့ ဆက်သွယ်ထားသဖြင့် ဒေသခံပြည်သူများအနေဖြင့် သွားလာရေး လွယ်ကူအဆင်ပြေစေမည်ဖြစ်ပြီး နောင်တစ်ချိန်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက်၊ အောင်လံ၊ နေပြည်တော်ကိုဖြတ်၍ ရွှေလီအထိ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အရေးပါသော တံတားတစ်စင်းအဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးလက်လူမှုစီးပွားမြင့်မားဖို့ ကျေးလက်လမ်းတွေ အဆင့်မြှင့်စို့

ရှင်မင်း၊ ဓာတ်ပုံ- မောင်ဖိုးဇော်(ကလေး)



ဦးခင်သက်
(ညွှန်ကြားရေးမှူးချုပ်)



ဦးစိုးထွန်းနိုင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)



ဒေါက်တာ ထွန်းမြင့်အောင်
ညွှန်ကြားရေးမှူး (မြို့ပြ)



ဦးဇော်လေး
(ဒေသခံ)

ဝွေးကုန်း-ဝက်ချပ်-နတ်မောက် ကတ္တရာလမ်းပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ ကားစသည် တို့ဖြင့် သွားလာသူများ စည်ကားနေသည်။ ဝွေးကုန်းရွာသည် နတ်မောက်မြို့၊ ရေနံချောင်းမြို့တို့နှင့် မဝေးသော်လည်း ယခင်က မြေသားလမ်းဖြစ်သည့်အတွက် ခရီးမတွင်ပေ။

မြေသားလမ်းသာ ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝွေးကုန်းကျေးရွာနှင့် ဝက်ချပ်ကျေးရွာ အနီးနားတစ်ဝိုက်ရှိ ကျေးလက်နေပြည်သူများသည် ဒေသ၊ လူမှုစီးပွားအတွက် အခက်အခဲများ ရှိခဲ့ကြသည်။ ဒေသထွက်ကုန်များကို အဆင့်ဆင့်သယ်ပို့ ရောင်းဝယ်ကြရသည်။ ကျန်းမာရေးဝန်ဆောင်မှုကိုလည်း အချိန်နှင့်အမျှ မရရှိကြရပေ။ ထို့အတူ ဒေသခံ ကျောင်းသား ကျောင်းသူများသည် စာသင်ချိန်မီရန်အတွက် နံနက်ဝေလီဝေလင်းကတည်းကပင် ကျောင်းသွားကြရသည်။ ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ပြီ ဖြစ်သည့်အတွက် ထိုအခက်အခဲများကို ကျော်လွှန်ကာ အလွယ်တကူသွားလာနိုင်ပြီဖြစ်သည်။

"ကျောင်းသားတွေ အတွက်လည်း မိုးမလင်းခင်ကတည်းကထပြီး ကျောင်းချိန်အမီ သွားစရာမလိုတော့ဘူး။ လမ်းကောင်းတော့ ခဏနဲ့သွားနိုင်ပါပြီ။ အရင်ကဆို မွေးလူနာ၊ ပိုးထိလူနာ၊ အရေးပေါ်လူနာတွေဟာ ရေနံချောင်း၊ နတ်မောက်စတဲ့ ဆေးရုံတွေကို ဆေးကုသဖို့ နွားလှည်းနဲ့ပဲ သွားနိုင်တော့ အချိန်မီမရောက်လို့ အသက်ဆုံးရှုံးတာ ရှိတယ်။ အခုတော့ ကတ္တရာလမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသအတွက် ပညာရေး၊ ကျန်းမာရေးအပါအဝင်ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ သီးနှံရောင်းဖို့ကအစ အားလုံးအဆင်ပြေသွားပြီ" ဟု ဝွေးကုန်းကျေးရွာမှ ဦးဇော်လေးက ပြောသည်။

### အရေးပါသောလမ်းမကြီးတစ်ခုဖြစ်

ဝွေးကုန်း - ဝက်ချပ် - နတ်မောက် လမ်းသည် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ကို ဆက်သွယ်ပေးထားသော လမ်းမကြီးဖြစ်ပြီး စုစုပေါင်း ၂၉ မိုင် ၇ ဖာလုံရှည်လျားကာ ကျေးရွာပေါင်း ၅၉ ရွာရှိ လူဦးရေပေါင်း ၄၉၅၂၇ ဦးတို့ ဆက်သွယ်သွားလာ အသုံးပြုသည့် အရေးပါသော လမ်းမကြီးတစ်ခု ဖြစ်သည်။

ယခင်က မြို့နှင့် ၁၀ မိုင်နီးပါးသာ ဝေးသည့် ရွာများပင် မြို့ပေါ်ရောက်ရန် နွံ့ထဲ၊ ဖွက်ထဲတွင် ညအိပ်ကာ သွားကြရသည်။ မိုးတွင်းကာလ၌ ဒေသထွက်ကုန်များနှင့်ကုန်စည်များ ရောင်းဝယ်ဖောက်ကားကြရာတွင်လည်း ဗွက်နစ်နေသော ကုန်ကားများအား ကျေးရွာလူအားဖြင့် ရုန်းခဲ့ဆွဲခဲ့ကြရသော အခြေအနေတည်ရှိခဲ့သည့် ကျေးရွာများ ဖြစ်သည်။

### တိုးတက်ပြောင်းလဲလာ

မြေသားလမ်းမှတစ်ဆင့် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့်အတွက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသခံကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများသည် တိုးတက်လာခဲ့သည်။

နိုင်ငံအတွင်းရှိ ကျေးရွာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

### နှစ်စဉ်အဆင့်မြှင့်တင်

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်က ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၄/၂၀၁၇)တွင် အသစ်တိုးချဲ့ဖွဲ့စည်းရန် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အရာထမ်း ၃၉၈ ဦး၊ အမှုထမ်း ၁၀၂၃ ဦးဖြင့် ကျေးလက်လမ်း၊ တံတားကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲထားရှိပြီး ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရည်မှန်းချက်ထားရှိသည်။

ကျေးလက် လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို အထောက်အကူဖြစ်စေရေးနှင့် ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့သည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အထိ ကွန်ကရစ်လမ်း ၁၂၂၇ မိုင်၊ ကတ္တရာလမ်း ၁၀၃၈ မိုင်၊ ကျောက်ချောလမ်း ၁၆၀၈ မိုင်၊ ဂဝံလမ်း ၃၄၃၈ မိုင်၊ မြေသားလမ်း ၄၀၇၆ မိုင် စုစုပေါင်း ၁၁၃၈၇ မိုင် ဆောင်ရွက်ခဲ့သည်။

ကွန်ကရစ်/ကတ္တရာလမ်း ဆောင်ရွက်နိုင်မှု အချိုးအနေဖြင့် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

"ကျေးလက်လမ်း၊ တံတားတွေ ဆောင်ရွက်တဲ့အခါ အခုအစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်တာတွေ ရှိပါတယ်။ အခုအစိုးရလက်ထက်မှာ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးရေးကို ဦးစားပေးတယ်။ ဒီအတွက်ရန်ပုံငွေလည်းတိုးတက်ရရှိခဲ့ပါတယ်။ ရန်ပုံငွေ တိုးတက်ရရှိခဲ့တဲ့အတွက် ကျေးလက်လမ်းတံတားတွေကို ပိုမိုဆောင်ရွက်နိုင်ပါတယ်။ ထူးခြားချက်က လမ်းလွှာ ဒီဇိုင်းတွေကို အသေးစိတ်တိုင်းတာပုံထုတ်တာ၊ မြေခံနိုင်ဝန်အားစမ်းသပ်တဲ့ ကိရိယာတွေနဲ့ စမ်းသပ်ပြီး တံတားဒီဇိုင်းတွေ ပုံထုတ်တာ၊ အရည်အသွေးပိုကောင်းဖို့ Third Party QC အဖွဲ့တွေနဲ့ အရည်အသွေးစစ်တာတွေရှိလာတယ်။ ပြီးတော့ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ လုပ်ငန်းတွေ ပြီးစီးနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပေါင်းစပ်ပြီး ထိန်းကျောင်းတည့်မတ် ဆောင်ရွက်ရပါတယ်"ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ပြောသည်။

### ပူးပေါင်းဆောင်ရွက်

လမ်း၊ တံတား ဒီဇိုင်းများနှင့်ပတ်သက်၍ ဒေသနှင့် ကိုက်ညီသည့် ဒီဇိုင်း၊ အရည်အသွေးများ ခွဲခြားသတ်မှတ်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ UK အထောက်အပံ့ဖြင့် Research For Community Access Partnership-ReCAP အဖွဲ့အစည်းနှင့် အာရှဒေသခံလူထုအဖွဲ့အစည်းအခွင့်အလမ်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းအဖြစ် Low Volume Rural Road Design Standard and Specification ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၉ သို့*

❖ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း ကွန်ကရစ်/ကတ္တရာလမ်း ၂၂၆၅ မိုင်၊ ရာသီမရွေးသွားလာနိုင်သောလမ်း ၃၈၇၃ မိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့

❖ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေကျပ် ၁၈၁၆ ဒသမ ၂၃၈ ဘီလီယံနဲ့ ကျေးလက်လမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကွန်ကရစ်/ကတ္တရာလမ်း ၃၄၅၈ မိုင်၊ ကျောက်လမ်း ၂၈၅၂ မိုင်၊ ဂျင်း/ဂဝံလမ်း ၅၁၉၅ မိုင်၊ မြေသားလမ်း ၅၉၉၃ မိုင် စုစုပေါင်း ၁၇၄၉၈ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလမ်းတွေပေါ်က တံတား/ရေကျော်/Culvert ၃၆၆၉၀၃ ပေကို ဆောင်ရွက်နိုင်ခဲ့



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝွေးကုန်း-ဝက်ချပ်-နတ်မောက်လမ်း



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စံကင်း-ကလေ့သော့လမ်း



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံပိုးလမ်း



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မင်းလှ - ရာဇဂြိုဟ်လမ်း

*စာမျက်နှာ ၈ မှ*

"ကျေးလက်လမ်းတွေ အရည်အသွေး မြှင့်တင်နိုင်ဖို့အတွက် လမ်း၊ တံတား တည်ဆောက်ရေးအသုံးပြုပစ္စည်းတွေရဲ့ အရည်အသွေးပြည့်မီမှု ရှိ မရှိ စမ်းသပ်နိုင်ဖို့ ဓာတ်ခွဲခန်းတွေ ထူထောင်ပြီး ReCAP အဖွဲ့အစည်းနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိတဲ့ CSIR (South Africa) ပညာရှင်တွေကနေ ဝန်ထမ်းတွေ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြှင့်တင်ပေးဖို့အတွက် သင်တန်းပေးခြင်း၊ လမ်းခံနိုင်ရည်အား စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွေကို စာတွေ့၊ လက်တွေ့ သင်ကြားပေးပါတယ်။

"ဒီလို ReCAP က နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းဟာ ကျေးလက်လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းတွေရဲ့ အရည်အသွေးနဲ့ လမ်းတည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာ အရည်အသွေးတွေကို ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့သာမက Third Party QC အဖွဲ့တွေနဲ့ ပူးပေါင်းထိန်းသိမ်းခြင်းအား ဖြင့်ပိုမိုကောင်းမွန်စေပါတယ်"ဟုကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးစိုးထွန်းနိုင်က ပြောသည်။

### တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ADBနှင့် ဌာနမှ ပူးပေါင်းရေးဆွဲထားသော အမျိုးသားအဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရလက်ရှိ ဆောင်ရွက်ပေးရမည့် စုစုပေါင်း ကျေးလက်လမ်း မိုင်ပေါင်း ၅၅၃၆၉ မိုင်ပေါ်တွင် ရာသီမရွေး သွားလာနိုင်သော လမ်း ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တံတားများအနေဖြင့် ကွန်ကရစ်တံတား ၁၈၅၆ စင်း၊ သစ်သားတံတား ၆၁ စင်း၊ ဘေလီ/ကြိုးတံတား ၁၈၃ စင်း၊ ရေကျော်/ရေပြွန် ၅၄၁၉ စင်း စုစုပေါင်း ၇၅၁၉ စင်း တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

"ကျေးလက်လမ်း၊ တံတားဒီဇိုင်းတွေကို ဦးစီးဌာနက သတ်မှတ်ထားတဲ့ လမ်းအဆင့်အတန်း၊ လမ်းလွှာပုံစံ၊ တံတားအဆင့်အတန်း တံတားပုံစံတွေ၊ ဒေသန္တရနဲ့ ကိုက်ညီတဲ့ လမ်း၊ တံတားတွေရဲ့ ဒီဇိုင်းပုံစံတွေကို ထုတ်ပေးခြင်းအားဖြင့် ဦးစီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေကို အထောက်အပံ့ ပေးလျက်ရှိပါတယ် " ဟု ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါက်တာ ထွန်းမြင့်အောင်က ပြောသည်။

တိုင်းဒေသကြီး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသည် ရေးဆွဲထားသော မဟာဗျူဟာ၊ သတ်မှတ်ထားသော နည်းပညာပိုင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများသည် ဦးစီးဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ် တာကာလအတွင်း ကွန်ကရစ်/ ကတ္တရာလမ်း၂၂၆၅ မိုင်၊ ရာသီမရွေးသွားလာနိုင်သော လမ်း ၃၈၇၃ မိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

"အခုအစိုးရလက်ထက် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေကျပ် ၁၈၁၆ ဒသမ ၂၃၈ ဘီလီယံနဲ့ ကျေးလက်လမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကွန်ကရစ်/ကတ္တရာလမ်း ၃၄၅၈ မိုင်၊ ကျောက်လမ်း ၂၈၅၂ မိုင်၊ ဂျင်း/ဂဝ်လမ်း ၅၁၉၅ မိုင်၊ မြေသားလမ်း ၅၉၉၃ မိုင် စုစုပေါင်း ၁၇၄၉၈ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလမ်းတွေပေါ်က တံတား/ ရေကျော်/Culvert ၃၆၆၉၀၃ ပေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ပြောကြားသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရန်ပုံငွေများအပြင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ အထောက်အပံ့များနှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော မျှဝေခြင်းအစီအစဉ်များဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

### စီမံကိန်းသုံးခု ဆောင်ရွက်လျက်ရှိ

နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် World Bank နှင့် JICA ချေးငွေဖြင့် လုပ်ငန်းစီမံကိန်းနှစ်ခု၊ KfW ထောက်ပံ့ငွေဖြင့် လုပ်ငန်းစီမံကိန်းသုံးခု ဆောင်ရွက်လျက်ရှိသည်။

"World Bankနဲ့ JICAချေးငွေနဲ့ လုပ်ငန်းစီမံကိန်း နှစ်ခု၊ KfW ထောက်ပံ့ငွေနဲ့ လုပ်ငန်းစီမံကိန်းသုံးခု ဆောင်ရွက်နေတာရှိပြီးတော့ ဒီလုပ်ငန်းစီမံကိန်းတွေကနေ ကတ္တရာလမ်း ၉၄ မိုင်နဲ့ တံတား/ ရေကျော်လေးစင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြီးတော့ JICA ၊ China Aid ၊ ADB ၊ KfW ၊ World Bank တို့နဲ့ ပူးပေါင်းပြီး ကတ္တရာလမ်း စုစုပေါင်း ၆၅ မိုင်၊ တံတားသုံးစင်းကို ဆောင်ရွက်ဖို့လည်း ရှိပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က စက်၊ ယာဉ်ယန္တရားနှင့် နည်းပညာပံ့ပိုး၍ ပြည်သူမှ စက်သုံးဆီ/ အထောက်အကူပြု လုပ်ငန်းများကျခံပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော မျှဝေခြင်း အစီအစဉ်ဖြင့် ကျေးလက်လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ကတ္တရာလမ်း ၁၂ မိုင်၊ ဂျင်းလမ်းမိုင် ၉၀၊ မြေသားလမ်း ၁၆၃ မိုင် စုစုပေါင်း ၂၆၅ မိုင်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ကတ္တရာလမ်း ငါးမိုင်၊ ဂျင်းလမ်း ၁၀၄ မိုင်၊ မြေသားလမ်း ၂၁၅ မိုင် စုစုပေါင်း ၃၂၄ မိုင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### ဒေသလူမှုစီးပွားများ တိုးတက်

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်းများ ဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနလမ်းများနှင့် ချိတ်ဆက်သည့် ကျေးလက်လမ်းများ၊ မြို့နှင့် ကျေးရွာဆက်သွယ်သည့် ကျေးလက်လမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဗျူဟာမြောက် အရေးပါသည့် ပြည်သူလူထု အသုံးပြုများသည့် လမ်းများကို ရှေ့ပြေးစီမံကိန်း Pilot Project ရွေးချယ်ဆောင်ရွက်ခဲ့ကာ ဒေသလူမှုစီးပွားများ တိုးတက်အောင် အထောက်အကူပြုနိုင်ခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ၂၀၂၁ -၂၀၂၂ မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လမ်းအရှည် ၁၈၄၁၅ မိုင်၊ ၂၀၂၆ -၂၀၂၇ မှ ၂၀၃၀ - ၂၀၃၁ ဘဏ္ဍာရေးနှစ်အတွင်းလမ်းအရှည် ၁၇၀၃၄ မိုင် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

### တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးတို့အတွက် အခြေခံကျသော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရာသီမရွေးသွားလာနိုင်မည့် ကျေးလက်လမ်းကွန်ရက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဖော်ဆောင်သွားမည်ဖြစ်သည့်အပြင် ပြည်သူလူထုပူးပေါင်းပါဝင်မှု အစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ကျေးလက်ပြည်သူ
ရိုင်းပင်းကူ
လက်တွဲငြိမ်းချမ်း
ဒို့ကြိုးပမ်း
လမ်းများဖောက်လုပ်
ဒို့အလုပ်
ဖွံ့ဖြိုးရေးဆောင်ရွက်

ပြည်သူ့အတွက် ဆိုသည့် ဦးစီးဌာန၏ ရည်မှန်းချက်ဆောင်ပုဒ်နှင့်အညီ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြေအသုံးချမှု စာရင်းအင်းနှင့် မြေပုံထုတ်နည်းပညာဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၈**

ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် Global Positi- oning System(GPS) ဖြင့် ဧရိယာနှင့် တည်နေရာကို ပိုမိုတိကျမှန်ကန်မှုရှိစေရန်၊ Satellite Imagery ကို အခြေခံ၍ GIS, Remote Sensing and Database နည်းပညာများဖြင့် လယ်ယာကဏ္ဍဆိုင်ရာစာရင်းအင်း သတင်းအချက်အလက်များကို ကြိုတင်ထုတ်ပြန်ခြင်းနှင့်စိစစ်အတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု စီမံကိန်း(ADSP) အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် Training Work shop on GPS Survey for Cadastral Controls, UAV & Satellite Photogrammetry for Cadastral Mapp- ing and Advanced GIS အပတ်စဉ်(၁/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်က နေပြည်တော်ရှိ ဂရိတ်ဝေါဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းတွင် GPS Course ၊ Accuracy Stan- dards for Geospatial Data ၊ Photogrammetry Course ၊ UAV Aerial Survey Course ၊ Satellite Photogrammetry၊ GIS Course ၊ High Resolution Satellite Imagery for Cadastral Mapping Course များကို ၁၄ ရက်ကြာ ပို့ချဆွေးနွေးမည်ဖြစ်သည်။

"ဌာနရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အခြေခံပြီး ခိုင်မာတဲ့ သတင်းအချက်အလက်စနစ်ထူထောင်ရေးနဲ့ ခိုင်မာမှန်ကန်တဲ့လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက်စနစ်ထူထောင်ရေးတို့မှာ အဓိကကျောရိုးဖြစ်တဲ့ ကွင်းမြေပုံတွေကို ဒစ်ဂျစ်တယ်မြေပုံစနစ်ထူထောင်ပြီး ခိုင်မာမှန်ကန်မှုရှိတဲ့ မြေအသုံးချမှုစာရင်းများနဲ့ အရည်အသွေးပြည့်ဝတဲ့ စိုက်ပျိုးထုတ်လုပ်မှုစာရင်းတွေကို ခေတ်မီနည်းပညာများ အသုံးပြုပြီး ပြည်သူလူထု အလွယ်တကူသိရှိအသုံးချနိုင်အောင် ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်ဦးသက်နိုင်ဦးက ပြောသည်။

ADSP စီမံကိန်းလုပ်ငန်းများတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မြေယာမှတ်တမ်းများ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒစ်ဂျစ်တယ်ကွင်းမြေပုံများထူထောင်ခြင်းလုပ်ငန်း၊ တောင်သူတစ်ဦးချင်းလုပ်ပိုင်ခွင့်ရ ဧရိယာစာရင်းများနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ ကွင်းဆင်းကောက်ယူ မှတ်တမ်းပြုစုခြင်းလုပ်ငန်းများအပြင် စီမံကိန်းအထောက်အကူပြုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်**

# ပေါင်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာတွင် ကျေးရွာမတည်ရန်ပုံငွေ ထုတ်ချေးပြီးစီး

**ပေါင် ဩဂုတ် ၈**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ၊ အသေးစား စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ကွက်ငယ်တောင်သူများ သွင်းအားစုရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဩဂုတ် ၆ ရက်က ပေါင်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာကို စီမံကိန်းရန်ပုံငွေ ထုတ်ချေးပြီးစီးကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတွင် Type-1 ကျေးရွာနှစ်ရွာမှ ပေါက်တောကျေးရွာတွင် အသင်းသား ၆၄ ဦး ချေးငွေကျပ်၂၉၇ သိန်း ၊ မဲဘောင်ကျေးရွာတွင် အသင်းသား ၂၉ဦး ချေးငွေကျပ်၂၉၇သိန်းကိုလည်းကောင်း၊ Type-2 ကျေးရွာနှစ်ရွာမှ ကော့ကံကျေးရွာတွင် အသင်းသား ၂၃ ဦး ချေးငွေကျပ် ၁၉၈ သိန်း၊ လက်ပံကျွန်းကျေးရွာတွင် အသင်းသား ၆၅ ဦး ချေးငွေကျပ် ၁၉၈ သိန်းကိုလည်းကောင်း၊ Type-3 ကျေးရွာသုံးရွာမှ ကျုံကမာကျေးရွာတွင် အသင်းသား ၁၄ ဦး ချေးငွေကျပ် ၉၉သိန်း၊ ခင်တန်းကျေးရွာတွင် အသင်းသား ၃၃ ဦး ချေးငွေကျပ် ၉၉ သိန်း၊ ဖက်တန်းကျေးရွာတွင် အသင်းသား ၂၄ ဦး ချေးငွေကျပ် ၉၈ သိန်းကိုလည်းကောင်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မိုးဝင်း(ကျေးလက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဓာတ်မှန်ပညာဌာနနှင့် အရေးပေါ်ကုသမှုဆေးပညာဌာနများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၈

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ဓာတ်မှန်ပညာဌာနနှင့် အရေးပေါ်ကုသမှု ဆေးပညာဌာနများ ဘက်စုံပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ အထူးကုဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးသည်။** (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆေးနှင့် ဆေးနီးနွယ်ဘာသာရပ်ဌာနများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ လက်တွေ့ကျသော နည်းဗျူဟာများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရပ်ရပ်နှင့်အညီ ချမှတ်ထားသော ဝန်ကြီးဌာန၏ မူဝါဒများ၊ မဟာဗျူဟာ လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်ပညာရှင်များနှင့် အရေးပေါ် ကုသမှုဆေးပညာရှင်များက ဆေးရုံများ၌ လုပ်ငန်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဘွဲ့လွန်သင်ကြားမှုကိစ္စရပ်များ၌ လည်းကောင်း တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် ရရှိသောအရင်းအမြစ်များနှင့်အညီ ဆက်လက်၍ ဦးစားပေးသတ်မှတ်ကာ ပံ့ပိုးဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်း၊ လူနာများတွင် ဖြစ်ပွားနေသော ရောဂါကို တိကျစွာ စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်နေသည့် ဓာတ်မှန်ပညာဌာနနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အရေးပေါ် လူနာများ အပါအဝင် ကျန်းမာရေးပြဿနာ အမျိုးမျိုးဖြစ်ပွားသည့် လူနာများအား အရေးပေါ် အသက်ကယ်ဆယ် ကုသမှုများ ဆောင်ရွက်နေသည့် အရေးပေါ်ကုသမှုဆေးပညာဌာနတို့၏ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်သူများအတွက် အလွန်အကျိုးရှိမည် ဖြစ်ပါကြောင်း။

### ဦးစားပေး ပံ့ပိုးပေးမည်

ပြည်သူများအတွက်ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံမှုနှင့် အရည်အသွေး ပိုမိုမြင့်မားစေရေးအတွက် ဓာတ်မှန်ပညာနှင့် အရေးပေါ် ကုသမှုဆေးပညာ အထူးကုဆရာဝန်များ၊ ပညာရှင်များ အပါအဝင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို (၂၀၂၀-၂၁) ခု ပညာသင်နှစ်တွင်လည်း ပိုမိုမွေးထုတ် လေ့ကျင့်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ထိုသို့ မွေးထုတ်လေ့ကျင့်ရာတွင် သင်ကြားသင်ယူမှု ပတ်ဝန်းကျင် (Teaching Environment) ကောင်းများ ရရှိစေရေး၊ ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အသုံးချဆောင်ရွက်ရေးနှင့် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုများ ရရှိစေရေးတို့အတွက် သက်ဆိုင်ရာ ဌာနများမှ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဦးစားပေး ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

ဆေးပညာရပ် ဘာသာရပ်အသီးသီးအနေဖြင့် ဘုတ်အဖွဲ့အသိအမှတ်ပြု အထူးကုဆရာဝန်များ မွေးထုတ်နိုင်ရန်အတွက် ကိုလည်း စဉ်းစားဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးပညာဘာသာရပ်များတွင် ပါမောက္ခရာထူး ခန့်ထား တာဝန်ပေးအပ်ရာ၌ ပါရဂူဘွဲ့ ရရှိထားခြင်း မရှိသော်လည်း (နိုင်ငံတကာတွင် ပါမောက္ခရာထူးပေးအပ်သကဲ့သို့ပင်) သက်ဆိုင်ရာ ဆေးပညာဘာသာရပ်တွင် လုပ်သက်နှင့် အတွေ့အကြုံမြင့်မားမှု၊ ဘာသာရပ်ဆိုင်ရာ သုတေသနများ ပြုလုပ်ထားရှိမှုတို့ အပါအဝင် အခြားသတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ဆေးပညာဘွဲ့လွန် ပညာရှင်များ မွေးထုတ်သကဲ့သို့ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များ အခြေခံဓာတ်မှန်ပညာနှင့် အခြေခံ အရေးပေါ်ကုသမှု ဆေးပညာဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ရန်အတွက် အင်တာနက်အသုံးပြု သင်တန်းများ အပါအဝင် မွမ်းမံသင်တန်းများကိုလည်း ဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင် ဆေးတက္ကသိုလ်များ၌ လုပ်ကိုင်လျက်ရှိသော ဆရာ၊ ဆရာမများအတွက် သင်ကြားမှု နည်းစနစ်ပိုင်းဆိုင်ရာ မွမ်းမံသင်တန်းများကိုလည်း ပုံမှန်ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာဘာသာရပ် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများအနေဖြင့် တိုက်နယ်ဆရာဝန်၊ မြို့နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်များအတွက် ရည်ရွယ်ကာ ဘာသာရပ်ဆိုင်ရာ ဗီဒီယိုရုပ်သံများ ရိုက်ကူးကာ သက်ဆိုင်ရာ တက္ကသိုလ်၏ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားရှိခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဆရာဝန်များအနေဖြင့် ပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် အချက်အလက်များကို အလွယ်တကူ လေ့လာသိရှိနိုင်မည် ဖြစ်ပါကြောင်း။

### ပိုမိုပူးပေါင်း ဆောင်ရွက်စေလို

ဘာသာရပ်ဆိုင်ရာ အသုံးချ သုတေသနများကို အရည်အသွေး ပြည့်ဝစွာ ပြုလုပ်နိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)၌ ပြုလုပ်လျက်ရှိသော ပုံမှန်သင်တန်းများသို့ ဆေးတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ တက်ရောက်စေလိုပါကြောင်း၊ သုတေသနပြုလုပ်ရာတွင် ဝန်ကြီးဌာနမှ သုတေသန ဘဏ္ဍာငွေများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့်လည်း ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပိုမိုပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း။

ဝန်ကြီးဌာန၏ တက္ကသိုလ်အသီးသီးရှိ ဆေးပညာဘာသာရပ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများအနေဖြင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးခြင်းများ ပိုမိုပြုလုပ်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ အနေဖြင့် အဖွဲ့များဖွဲ့စည်းကာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ ပုံမှန်ကွင်းဆင်း၍ ဆန်းစစ်အကဲဖြတ်မှုပုံစံ (Checklist) အသုံးပြုကာ ဆန်းစစ်တွေ့ရှိရသော အခြေအနေပေါ်မူတည်၍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံရာတွင် ကုသရေး၊ သင်ကြားလေ့ကျင့်ရေး အပါအဝင် ဘာသာရပ်နှင့် ဌာနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအတွက် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေး ပြောကြားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ် (၁)၊ ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာသန်းသန်းနွယ်နှင့် ဆေးတက္ကသိုလ် (၂)၊ ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မာရှိန်တို့က ဓာတ်မှန်ပညာဌာနများ၏ ဖွဲ့စည်းပုံနှင့် အင်အား၊ အထူးကုဆရာဝန်၊ ဓာတ်မှန်ပညာရှင်နှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ပေးနေမှု၊ နိုင်ငံတစ်ဝန်းတွင် ဓာတ်မှန်ပညာရပ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ သင်ကြားလေ့ကျင့်မှုနှင့် ကုသရေးလုပ်ငန်းများအတွက် အသုံးချ ဆော့ဝဲလ် (Software) များနှင့် စက်ပစ္စည်းကိရိယာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (၁)၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာမော်မော်ဦးက လက်ရှိနိုင်ငံတစ်ဝန်းမှ အရေးပေါ် ဆေးပညာဌာနများ၏ အခြေအနေများကို တင်ပြသည်။

### လိုအပ်ချက်များ တင်ပြ

ထို့နောက် တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် အထူးကုဆရာဝန်များက သက်ဆိုင်ရာ ဆေးရုံ၊ ဌာနအလိုက် လိုအပ်ချက်များ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ထိုသို့ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ် အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာဆေးပညာရပ်နှင့် ဌာနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထား ဆောင်ရွက်နေကြသည်မှာ ကောင်းမွန်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် တင်ပြချက်များအား ဝန်ကြီးဌာနမှ အလေးအနက်ထား စဉ်းစားကာ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဟသ်ာတမြို့၊ မြန်အောင်မြို့နှင့် ကနောင်မြို့တို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အိမ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာတွင် တာရိုးကျိုးပေါက်ပြီး ရေဝင်မှုဖြစ်ပေါ်ခဲ့သဖြင့် ဩဂုတ် ၁ ရက်မှစ၍ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက သွားရောက်၍ ရေဝင်နိုင်သည့် နေရာများမှ နေအိမ်များအား ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက် လွှန်ဆေးမြိုင်ပန်းခြံ အနောက်ဘက်နှင့် ကနောင်မြို့ အမှတ် (၄) ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် တာရိုးကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရာ ရေဝင်နိုင်သည့်နေရာများနှင့် တာရိုးတစ်လျှောက်တို့၌ ဩဂုတ် ၆ ရက်တွင် နယ်မြေခံ တပ်မတော်သားများက ရေစီးအား ထိန်းသိမ်းရန် အရန်ရေထိန်းတာ ဆောင်ရွက်ခြင်း၊ သဲအိတ်ဖို့ခြင်းနှင့် ရေပေါ်ရေလွှဲဝါးဖောင်များ ပြုလုပ်ခြင်းတို့ကို ဆက်လက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အထူးသတိပြု နေထိုင်ကြရန်**

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# (၃၂) နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံနေ့ ရန်ကုန်မြို့ နေရာအသီးသီးတွင် ပြုလုပ်

ရန်ကုန် ဩဂုတ် ၈

**(၃၂)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တို့တွင် ပြုလုပ်ရာ တက်ရောက်လာသူများက အရေးတော်ပုံတွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား အောက်မေ့ဖွယ်အဖြစ် နှင်းဆီပန်းချခြင်း၊ ငြိမ်သက်အလေးပြုခြင်းတို့ ပြုလုပ်ခဲ့ကြသည်။** (ယာပုံ)



ထို့အတူ အရေးတော်ပုံတွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ရာ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်အချို့နှင့် နိုင်ငံရေးအင်အားစုအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

" ဒီနှစ်က အခမ်းအနားတစ်ခုမှ မလုပ်ဘူး။ ကိုဗစ်တားမြစ်ချက်တွေရှိတယ်။ လူစုလူဝေးလုပ်လို့ မရဘူး။ သို့သော်လည်း အမှတ်တရ အောက်မေ့ဖွယ်အဖြစ် တစ်ဦးချင်းစီ ပါဝင်လှုပ်ရှားမှုအနေနဲ့ လုပ်ကြတယ်။ မြို့တော်ခန်းမအပြင် မြောက်ဥက္ကလာပ ကန်သာယာပန်းခြံမှာလည်း လုပ်တယ်။ တံတားလေးလမ်းဝတို့မှာ ပန်းလေးတွေချပြီး လူတစ်ဦးချင်းစီ အလေးပြုကြတယ်။ လူစုလူဝေး မရှိဘူး။ နှာခေါင်းစည်းတွေ တပ်ထားကြတယ်။ ဆွမ်းကပ်တာတွေလည်း ရှိပါတယ်။ ဒီနှစ်က အဖွဲ့အစည်းတွေ ဦးဆောင်ပြီး လုပ်တာ မရှိပါဘူး။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုဗစ်စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်ကြတာပါ"ဟု ၈၈ မျိုးဆက် ငြိမ်းချမ်း ရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုဂျင်မီ က ပြောသည်။

မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပြည်သူ့ပန်းခြံအတွင်းရှိ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံ အထိမ်းအမှတ် ကျောက်တိုင်တွင်လည်း ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ အောက်မေ့ဖွယ်အထိမ်းအမှတ်ပြုလုပ်ရာ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီတို့မှလည်း ပန်းစည်းချကာ လာရောက်အလေးပြုခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်၌လည်း ယနေ့ နံနက်ပိုင်းတွင် ရှစ်လေးလုံး (၃၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်မြတ် ၁၂ ပါးအား ရှစ်လေးလုံးမျိုးဆက်များမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ရှစ်လေးလုံး အထိမ်းအမှတ်နေ့နှင့် ပတ်သက်၍ ရှစ်လေးလုံးမျိုးဆက်ကျောင်းသားဟောင်း ကိုထွားကြီးက "ရှစ်လေးလုံးဒီမိုကရေစီ ပြည်သူ့အရေးတော်ပုံကြီးနေ့ကို ရောက်လာတိုင်း အတိတ်က အကြောင်းအရာတွေကို သတိရစေတယ်။ ဒီမိုကရေစီရဲ့တန်ဖိုးကို ပိုပြီးတန်ဖိုးထားဖြစ်လာတယ်။ အရေးတော်ပုံကြီးအတွင်း ကျဆုံးသွားခဲ့ကြတဲ့ သူတွေရော၊ ပါဝင်ခဲ့ကြတဲ့ ရဟန်းရှင်လူပြည်သူတွေ အားလုံးကို ကျွန်တော်တို့ အလေးပြုတယ်။ ဂုဏ်ယူပါတယ်" ဟု ပြောကြားသည်။

**မင်းသစ်(MNA)၊ ထင်ပေါ်ဝင်း(ကမာရွတ်)**




ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ရှစ်လေးလုံးအထိမ်းအမှတ် ဆိုင်းဘုတ် စိုက်ထူထားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ရှစ်လေးလုံးအထိမ်းအမှတ် အလံများ စိုက်ထူစဉ်။
ဓာတ်ပုံ-ဆန်းကျော်ဦး(ပြန်/ဆက်)

# မရမ်းကုန်းမြို့နယ်၌ ပြည်သူများအဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး အတွက် သက်ဆိုင်ရာက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးသည့်အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်၌ ဆောင်ရွက်သည်။

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးခင်မောင်သန်းက "မဲစာရင်းမှာပါတဲ့ အသက် ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်မလုပ်ရသေးတဲ့သူတွေကို အဓိကထားပြီး ဆောင်ရွက်ပေးနေတာပါ။ မိမိတို့မြို့နယ် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး မှတ်ပုံတင် မလုပ်ရသေးတဲ့သူတွေကို ပြုလုပ်ပေးတာပါ။ မွေးစာရင်းတိုးတွေနဲ့ ပျောက်ဆုံး၊ ပျက်စီးတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးနေပါတယ်။



အဓိက လုပ်ဆောင်ချက်ကတော့ မဲစာရင်းအမည်ပေါက်တွေကို ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆောင်ရွက်မှုအနေဖြင့် ယနေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါမြို့နယ် ပေါ်တော်မူစေတီဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးရာ ရပ်ကွက်နေ ပြည်သူ ၁၀၀ ကျော် လာရောက်ပြုလုပ်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အဆိုပါမြို့နယ်အတွင်း နေထိုင်သည့် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး အသက် ၁၈ နှစ်ပြည့်မြောက်ကာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့် မဲဆန္ဒရှင် အမည်စာရင်းတွင် ပါရှိသောသူများအား အဓိကထား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဦးစီးအရာရှိ ဦးခင်မောင်သန်းက ဆိုသည်။

အဆိုပါရပ်ကွက်ရှိ ဦးရေခဲလမ်းနေ ဒေါ်သက်မွန်အေးက "ကလေးတွေအတွက် အသက် ၁၈ နှစ်ပြည့်နဲ့ ၁၀ နှစ်ပြည့် မှတ်ပုံတင်လာလုပ်တာပါ။ လွယ်လွယ်ကူကူနဲ့ အဆင်ပြေတယ်။ အခုလိုဆောင်ရွက်ပေးတော့ အချိန်ကုန်သက်သာတယ်။ ပြည်သူတွေအတွက် အများကြီးအထောက်အကူဖြစ်တယ်။ ကိုယ့်ဘက်ကတော့ လိုအပ်တဲ့ အထောက်အထားတွေ ပြည့်စုံဖို့လိုပါတယ်" ဟု ပြောသည်။

အလားတူ ယင်းသို့ဆောင်ရွက်မှုကို အဆိုပါမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်တွင် အဆိုပါမြို့နယ်အတွင်းရှိ အမှတ် (၁) ရပ်ကွက်၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မပြုလုပ်လိုက်ရသည့် ပြည်သူများအား မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၈

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ



မချမ်းဘော့မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ဂူဘားရိပ်သာလမ်းဆုံ၌ ဩဂုတ် ပထမပတ်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဆိုင်းဘုတ် စိုက်ထူပြီး ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြစဉ်။

မြန်မာ့အလင်း

# အိန္ဒိယတွင် လေယာဉ်ပြေးလမ်းချော်မှုကြောင့် ၁၆ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဩဂုတ် ၈**

အိန္ဒိယတောင်ပိုင်းပြည်နယ် ကာရာလာပြည်နယ်ရှိ လေယာဉ်ကွင်း၌ ဩဂုတ် ၇ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ၁၆ ဦး ထက်မနည်းသေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒူဘိုင်းမှ ကိုးရှိကိုလ်မြို့သို့ ပျံသန်းလာသည့် ဘိုအင်း - ၇၃၇ လေယာဉ်သည် ခရီးသည်ပေါင်း ၁၉၀ ကို တင်ဆောင်လာပြီး မြေပြင်ပေါ်သို့ဆင်းသက်စဉ် ပြေးလမ်းမှ ကျော်လွန်ပြီး ချိုင့်ဝှမ်းအတွင်း ၁၀ မီတာသို့ ကျဆင်းသွားခဲ့သည်။

အဆိုပါလေယာဉ်သည် တန်ဖိုးနည်းလေကြောင်းလိုင်း အဲအိန္ဒိယအိတ်စပရက်ပိုင် လေယာဉ်ဖြစ်ပြီး ကိုဗစ် - ၁၉ ကြောင့် ပြည်ပတွင် သောင်တင်နေကြသည့် အိန္ဒိယပြည်သူများကို နေရပ်ပြန်ပို့ပေးရေး အိန္ဒိယအစိုးရက ငှားရမ်းထားခြင်းလည်းဖြစ်သည်။

မိုးသည်းထန်စွာရွာနေမှုကြောင့် မြင်နိုင်စွမ်းအားလျော့နည်းခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင်ဖော်ပြကြသည်။ အဆိုပါလေယာဉ်မှာ ပထမတစ်ကြိမ်တွင် မြေပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ခြင်းမရှိကြောင်း အစီရင်ခံတင်ပြထားသည်။

မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းကို အိန္ဒိယလေကြောင်းအာဏာပိုင်အဖွဲ့က ရှာဖွေနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



လေယာဉ်အပျက်အစီးများကို တွေ့ရစဉ်။

# ဆိုမာလီယာတွင် အသေခံဗုံးခွဲမှုကြောင့် လူရှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရ

**မိုဂါဒစ်ရှူး ဩဂုတ် ၈**

ဆိုမာလီယာနိုင်ငံမြို့တော်တွင် ဩဂုတ် ၈ ရက်က အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ၁၄ ဦးဒဏ်ရာရရှိကာ ရှစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာကူညီပေးရေးအဖွဲ့က ပြောသည်။

ပေါက်ကွဲရေးပစ္စည်းများတင်ဆောင်ထားသော ကားကို မိုဂါဒစ်ရှူးရှိ စစ်အခြေစိုက်စခန်းအတွင်းသို့ အတင်းဝင်ရောက်မောင်းနှင်ခဲ့ကြောင်း အမင်လူနာတင်ယာဉ်အသင်းမှ ညွှန်ကြားရေးမှူး အဗ္ဗဒီကာဒီယာအဗ္ဗဒီရာမင်က ပြောသည်။

ယခုအချိန်ထိသေဆုံးသူ ရှစ်ဦးရှိပြီး ၁၄ ဦးမှာ ဒဏ်ရာရရှိထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အကြမ်းဖက်သမားမှာ စစ်အခြေစိုက်စခန်းကိုပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒဟာမီဆာဒစ်က ပြောသည်။

ပျက်စီးဆုံးရှုံးမှုများကို မတွက်ချက်ရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခုတစ်ကြိမ်တိုက်ခိုက်မှုမှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။

အယ်လ်ကိုင်ဒါတို့၏ မဟာမိတ် အကြမ်းဖက်အုပ်စုဖြစ်သည့် အယ်လ်ရှာဘတ်အုပ်စုသည် အနောက်အုပ်စုက ကျောထောက်နောက်ခံပြုပေးထားသည့် အစိုးရကို မကြာခဏဆိုသလို တိုက်ခိုက်မှုများပြုလုပ်နေပြီး ယခင်ကလည်း အလားတူတိုက်ခိုက်မှုမျိုး ပြုလုပ်ဖူးကြောင်း သိရသည်။

**ဆင်ဟွာ**



ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုအပြီး အပျက်အစီးများကို တွေ့ရစဉ်။

# လက်ဘနွန်နိုင်ငံ၏ အစားအစာဖူလုံရေးနှင့်ပတ်သက်ပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်စိုးရိမ်

**ဘေရွတ် ဩဂုတ် ၈**

ဘေရွတ်မြို့ ဆိပ်ကမ်းတွင် ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သိုလှောင်ထားသောစားနပ်ရိက္ခာများ ဆုံးရှုံးသွားသည့်အတွက် လက်ဘနွန်နိုင်ငံ၏ အစားအစာ ဖူလုံရေးကို အထူးစိုးရိမ်မိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၄၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၀၀၀ ဒဏ်ရာရရှိခဲ့သည်။

အပြည်ပြည်ဆိုင်ရာမှ ကယ်ဆယ်ရေးအဖွဲ့များသည် ပျောက်ဆုံးနေသည့်လူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ ပေါက်ကွဲမှုကြောင့် တိုင်းပြည်၏ အဓိကအစားအစာများ သိုလှောင်ရာ ဆိပ်ကမ်းအဆောက်အအုံ ပျက်စီးသွားသည်။

လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်ကို ရင်ဆိုင်ရန် လက်ဘနွန်နိုင်ငံတွင် အရင်းအမြစ် အနည်းငယ်သာရှိကြောင်း လက်ဘနွန်စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးက ပြောသည်။ သွင်းကုန်ပစ္စည်းများမှာ တိုင်းပြည် အစားအသောက်လိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ဩဂုတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

ယခင်ကတည်းက အစားအစာဖူလုံရေးနှင့် စီးပွားရေးတွင် အခြေအနေ ဆိုးရွားနေသည့် လက်ဘနွန်နိုင်ငံအတွက် ဘေရွတ်ဆိပ်ကမ်း၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းမှာ ပိုမိုဆိုးရွားစေသည့်အရာပင်ဖြစ်သည်ဟု ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

ယခုအခါတွင် ဘေရွတ်မြို့၌ လူတစ်ဦး ပေါင်မုန့်ဝယ်ယူနိုင်သည့် အများဆုံးပမာဏမှာ ပေါင်မုန့်နှစ်ထုပ်သာ သတ်မှတ်ထားကြောင်း ယင်းမြို့တွင် ရောက်ရှိနေသည့် ဂျပန်နိုင်ငံမှ ပရဟိတအဖွဲ့ဖြစ်သည့် PARCIC မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကာဇာမာမစ်ဆူရူက ပြောသည်။ လက်ဘနွန်နိုင်ငံမှ ပြည်သူများ အင်္ဂလိပ်တော်ဘေးမဆိုက်ခင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ အကူအညီများ ရယူရန်လိုအပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစိုးရဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများကို ထိုင်းရဲများဖမ်းဆီး

**ဘန်ကောက် ဩဂုတ် ၈**

ထိုင်းနိုင်ငံတွင် လူငယ်များ ဆန့်ကျင်ဆန္ဒပြလာစေနိုင်သည့် အစိုးရဆန့်ကျင်မှုများ ပြုလုပ်ခဲ့သော တက်ကြွလှုပ်ရှားသူ တစ်ဦးနှင့် လူအခွင့်အရေးရှေ့နေ တစ်ဦးတို့ကို ထိုင်းရဲများက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

တည်ငြိမ်မှုကို ဖျက်ဆီးသည်ဟူသော စွပ်စွဲချက်အပြင် အခြားသော စွဲချက်များဖြင့် ၎င်းတို့နှစ်ဦးကို ဩဂုတ် ၇ ရက်တွင် ရဲများက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ထိုင်းမီဒီယာများတွင် ဖော်ပြကြသည်။

လူပေါင်း ၁၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့သော ဇူလိုင်လလယ်တွင်ဖြစ်ပေါ်ခဲ့သည့် ဆန္ဒပြပွဲ၌ အစိုးရ၏ လှုပ်ရှားမှုများကို ၎င်းတို့က ဝေဖန်အပြစ်တင်ခဲ့သည်။

၎င်းတို့နှစ်ဦးကို ပြန်လွှတ်ပေးရေးအတွက် ဩဂုတ် ၇ ရက်ညပိုင်းတွင် လူများစုဝေးကာ ဘန်ကောက်မြို့ရှိ ရဲစခန်းရှေ့၌ ဆန္ဒပြခဲ့ကြသည်။

ထိုင်းနိုင်ငံ၏ တရားရေးစီရင်မှုကို အယုံအကြည်မရှိတော့ကြောင်း ဆန္ဒပြသူများက အော်ဟစ်ခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်အတွင်း ထိုင်းနိုင်ငံသည် အရပ်သားအုပ်ချုပ်ရေးသို့ ပြန်လည်ကျရောက်ခဲ့ပြီးနောက်တွင် ထိုင်းတပ်ဖွဲ့၏လွှမ်းမိုးမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။

ဖေဖော်ဝါရီလအတွင်းကလည်း လူငယ်များကို အများဆုံးဆွဲဆောင်နိုင်ပြီး နိုင်ငံရေးတွင် ထိုင်းတပ်ဖွဲ့၏ ချုပ်ကိုင်မှုကို အဆုံးသတ်ရေး တောင်းဆိုခဲ့သည့်အတိုက်အခံပါတီကို ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အမိန့်ထုတ်ခဲ့သည်။

လွန်ခဲ့သည့်လမှ စတင်ကာ တိုင်းပြည်တစ်လွှား ကျောင်းသားများဦးဆောင်သည့် လှုပ်ရှားမှုများမှာ အရှိန်ပြန်ကောင်းလာခဲ့သည်။

အစိုးရအပေါ် ဝေဖန်သူများကို နှိမ်နင်းရန် အာဏာပိုင်များက စီမံထားသည်ဟု ထိုင်းမီဒီယာများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# နယူးဇီလန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရမှု ထိန်းချုပ်ပြီးနောက် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုစတင်

**အော့ကလန် ဩဂုတ် ၈**

နယူးဇီလန်နိုင်ငံ၏ ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် ၎င်း၏လေဘာပါတီရွေးကောက်ပွဲ မဲဆွယ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အောင်အောင်မြင်မြင် ထိန်းချုပ်လိုက်နိုင်ပြီးနောက် မဲဆွယ်စည်းရုံးမှုကို စတင်လိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် ခရစ်ချပ်ချ်မြို့ တိုက်ခိုက်မှုအပြီးနှင့် ကျွန်းဖြူကျွန်းတွင်မီးတောင်ပေါက်ကွဲမှု၊ ကိုဗစ် -၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းမှုတွင် ဂျက်ဆင်ဒါကို သဘောကျနှစ်ခြိုက်မှုမှာ ၆၀ ရာခိုင်နှုန်း ရှိသည်။

လူဦးရေငါးသန်းရှိသည့်တိုင်းပြည်တွင် ကိုဗစ် -၁၉ ကြောင့်သေဆုံးသူမှာ ၂၂ ဦးသာရှိသည်။ ယခုတစ်ကြိမ်ရွေးကောက်ပွဲမှာ ကိုဗစ် -၁၉ ရွေးကောက်ပွဲဟုဆိုလျှင် မှန်ကန်သည်ဟု ဖြေရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဟု ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွင် ကတိပြုခဲ့သည်။ စီးပွားရေး လုပ်ငန်းကြီး၊ လုပ်ငန်းသေးများသည် စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် အရေးပါသည့် အချက်များဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်

# အီးယူ - ဂျပန် နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက်၏ အဓိကအချက်များအပေါ် သဘောတူ

**တိုကျို ဩဂုတ် ၈**

နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်၏ အဓိက အချက်များအပေါ် ဂျပန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ သဘော တူခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြ လိုက်သည်။

ဩဂုတ်လအကုန်တွင် ကျယ်ပြန့်သည့် သဘောတူညီ ချက်ရရှိရေးအတွက် နှစ်နိုင်ငံလုံး ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွင်း ရေးမှူး လိဇ်ထရက်စ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရှိမိဆုတို့သည် ဩဂုတ် ၇ ရက်က လန်ဒန်မြို့တွင် ဆွေးနွေးပွဲ၏ ဒုတိယမြောက်နေ့အဖြစ် တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

စက်မှုကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး အရေးကြီးသည့် သဘောတူညီချက်များကို ရရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ဗြိတိန်သို့ တင်ပို့နေသည့် တင်ပို့မှုများထဲ တွင် ပမာဏအကြီးဆုံးဖြစ်သည့် မော်တော်ယာဉ်များ အတွက် အကောက်ခွန်များကို အဆင့်ဆင့် လျှော့ချပေး သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် အပြီးတိုင် ဖျက်သိမ်းပေးသွားမည်ဖြစ်ကြောင်း သဘောတူညီချက် ရရှိခဲ့သည်။




ဗြိတိန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွင်းရေးမှူး လိဇ်ထရက်စ် (ယာ) နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရှိမိဆု(ဝဲ)။

ဂျပန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အသက်ဝင်လာမည်ဖြစ်သည်။

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ ထွက်ခွာရေး အကူးအပြောင်းကာလသည် ယခုနှစ်ကုန်တွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရှိမိဆုက စာချုပ် ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်နိုင် ခဲ့သည်ဟု ယုံကြည်ကြောင်း အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။ ဆွေးနွေးမှုများသည် အပြုသဘော ဆောင်ခဲ့ကြောင်း လိဇ်ထရက်စ်က ဩဂုတ် ၇ ရက်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အီးယူ-ဂျပန် သဘောတူညီချက်ထက်ကျော်လွန်ပြီး ဒစ်ဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် နှစ်ဖက်သဘော တူညီချက်များ ရရှိနိုင်ကြောင်းလည်း လိဇ်ထရက်စ်က ဆက်လက်ပြောကြားလိုက်သည်။

သို့သော်လည်း စိုက်ပျိုးရေးထုတ်ကုန်များနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေး ကြောင်း ဂျပန်သတင်းမီဒီယာများတွင် အရိပ်အမြွက်ဖော်ပြ ထားသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနယ်နိမိတ်သို့ ချဉ်းကပ်လာသော အမေရိကန်ဗုံးကြဲလေယာဉ်အား ရုရှားတိုက်လေယာဉ်တားဆီး

**မော်စကို ဩဂုတ် ၈**

ဩဂုတ် ၇ ရက်က အော့ဟော့စ် ပင်လယ်ပေါ်တွင် ရုရှားနိုင်ငံနယ်နိမိတ် သို့ ချဉ်းကပ်လာသော အမေရိကန် ဗုံးကြဲလေယာဉ်အား ရုရှား တိုက်လေယာဉ်က တားဆီးခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြ လိုက်သည်။

ရုရှားတပ်ဖွဲ့သည် ဩဂုတ် ၇ ရက် က ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြင်ပေါ် တွင် ရုရှားနိုင်ငံနယ်နိမိတ်သို့ ချဉ်းကပ် လာ သည့်ပစ်မှတ်တစ်ခုကို တွေ့ရှိခဲ့ ကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံ အရှေ့ပိုင်းစစ်ဌာနချုပ်က အက်စ်ယူ- ၃၅ အက်စ် တိုက်လေယာဉ်သုံးစင်း ချက်ချင်းစေလွှတ်ခဲ့ပြီး အော့ဟော့စ် ပင်လယ်ပြင်ပေါ်တွင် ပစ်မှတ်အား အတည်ပြုပြီး တားဆီးခဲ့ကြောင်း၊ ရုရှားနိုင်ငံနယ်နိမိတ်သို့ ချဉ်းကပ် လာသောပစ်မှတ်မှာ အမေရိကန် တပ်ဖွဲ့၏ ဘီ-၁ဘီ အမျိုးအစား ဗုံးကြဲလေယာဉ်ဖြစ်ကြောင်း ရုရှား နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။



ရုရှားနိုင်ငံမှ ထုတ်လုပ်သော အက်စ်ယူ -၃၅ အက်စ် တိုက်လေယာဉ်များကိုတွေ့ရစဉ်။

ရုရှားတိုက်လေယာဉ်သည် ပျံသန်း စဉ်အတွင်း နိုင်ငံတကာလေပိုင်နက် တွင် အသုံးပြုသည့် သတ်မှတ်ချက် များကို လိုက်နာခဲ့ကြောင်း သတင်း များတွင် ဖော်ပြထားသည်။

ထို့အပြင် ရုရှားနိုင်ငံတောင်ပိုင်း စစ်ဌာနချုပ်သည် ဩဂုတ် ၇ ရက်က အက်စ်ယူ-၂၇ တိုက်လေယာဉ်ကို စေလွှတ်၍ ပင်လယ်နက်ပေါ်တွင် အမေရိကန်တပ်ဖွဲ့၏ အာရ်စီ-၁၃၅ မဟာဗျူဟာမြောက် ကင်းထောက် လေယာဉ်နှင့် ပီ-အိတ်အေ ကင်းထောက်လေယာဉ်တို့အား တား ဆီးခဲ့ကြောင်း သတင်းဖော်ပြချက် များအရ သိရသည်။

အမေရိကန်ဦးဆောင်သော နေတိုး တပ်ဖွဲ့သည် လတ်တလောရက်ပိုင်း အတွင်း ရုရှားနိုင်ငံ နယ်နိမိတ်အနီးတွင် ကင်းထောက်မှုများ မကြာခဏ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တိုကျိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ အသစ်ထပ်မံကူးစက်ခံရသူ ၄၂၉ ဦး ရှိလာကြောင်း အတည်ပြု

တိုကျို ဩဂုတ် ၈

တိုကျိုမြို့တွင် ဩဂုတ် ၈ ရက် ညနေ ၃ နာရီအထိ ကိုဗစ်-၁၉ ရောဂါ အသစ်ထပ်မံကူးစက်ခံရသူ ၄၂၉ ဦးရှိလာကြောင်း တိုကျိုမြို့အုပ်ချုပ်ရေး အဖွဲ့က ပြောကြားလိုက်သည်။

နေ့အလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ၄၀၀ နဲ့အထက် အတည် ပြုခဲ့သည်မှာ ယခုဆိုလျှင် နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်ကြောင်း သိရ သည်။

မြို့တော်တိုကျိုတွင် နေ့အလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ၁၂ ရက်ဆက်တိုက် ၂၀၀ ကျော်ရှိခဲ့သည်။ တိုကျိုတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှု အရေအတွက်သည် ယခုဆိုလျှင် ၁၅၅၃၆ ဦး ရှိလာခဲ့ပြီဖြစ်သည်။

တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ပြည်သူများကို အမြင့်ဆုံး သတိထားနေထိုင်ကြရန် တိုက်တွန်းလျက် ရှိသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် တတိယအများဆုံး သေဆုံးသည့် ပြည်နယ်တစ်ခုဖြစ်လာ

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူသည် ဩဂုတ် ၇ ရက်အထိ ၁၀၀၁၁ ဦးရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဌာန၏ နောက်ဆုံးဖော်ပြချက်အရ သိရသည်။

သေဆုံးသူ ၁၀၀၁၁ ဦးရှိလာ

လူပေါင်း သန်း ၄၀ နီးပါး နေထိုင်သော အမေရိကန်ပြည်ထောင်စု၏ လူဦးရေအထူထပ်ဆုံးပြည်နယ်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၁၄၂ ဦးရှိခဲ့ပြီး စုစုပေါင်း သေဆုံးသူ ၁၀၀၁၁ ဦး ရှိလာခဲ့ကြောင်း အဆိုပါ ဌာန၏ နေ့စဉ်သတင်းဖော်ပြချက်တွင် ဖော်ပြလိုက်သည်။

တတိယအများဆုံးပြည်နယ်ဖြစ်

ကယ်လီဖိုးနီးယားပြည်နယ်သည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု တတိယအများဆုံး ပြည်နယ်တစ်ခု ဖြစ်ခဲ့သည်။ ပထမအများဆုံးမှာ နယူးယောက်ဖြစ်ကာ လူပေါင်း ၃၂၀၀၀ သေဆုံးခဲ့ပြီး ဒုတိယအများဆုံးသေဆုံးခဲ့သော ပြည်နယ်မှာ နယူးဂျာစီ ဖြစ်ကာ လူပေါင်း ၁၆၀၀၀ သေဆုံးခဲ့သည်။

ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများမှာလည်း လွန်ခဲ့ သော ၂၄ နာရီအတွင်း ၈၄၃၆ ဦးအထိရှိခဲ့ပြီးနောက် စုစုပေါင်း ကူးစက် ခံရသူ ၅၃၈၄၁၆ ဦးအထိ ရောက်ရှိလာခဲ့သည်။

ဆင်ဟွာ

# တောင်ကိုရီးယားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၁ ဦးအထိ သေဆုံး

**ဆိုးလ် ဩဂုတ် ၈**

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့ သော စနေနေ့ကတည်းက မိုးသည်း ထန်စွာရွာသွန်းခဲ့မှုကြောင့် ဩဂုတ် ၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ အထိ သေဆုံးသူ ၂၁ ဦးအထိ ရောက်ရှိ လာခဲ့ကြောင်း ဗဟိုသဘာဝဘေးနှင့် လုံခြုံရေးတန်ပြန်ဆောင်ရွက်မှုအဖွဲ့ က ဩဂုတ် ၈ ရက်က ပြောကြားလိုက် သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများ သည် ဆိုးလ်နှင့်အနီးဝန်းကျင်ဒေသ များအပါအဝင် နိုင်ငံ၏အလယ်ပိုင်း ဒေသအနှံ့အပြားအထိ ပျံ့နှံ့ခဲ့ရုံသာမက တောင်ပိုင်းဒေသအထိ ပျံ့နှံ့ခဲ့သည်။

အစိုးရသည် အလယ်ပိုင်းဒေသ ခုနစ်မြို့ကို အထူးဘေးဒုက္ခဇုန်များ အဖြစ် သတ်မှတ်ပြီး အကူအညီ အမြန် ပေးရန် လုပ်ဆောင်လျက်ရှိသည်။

ဩဂုတ် ၇ ရက်က တောင်ဂျိုလာ ပြည်နယ် ဂေါ့ဆောင်းကောင်တီတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးခဲ့ပြီးတစ်ဦးပျောက်ဆုံးခဲ့သည်။

ထို့အပြင် လှေနစ်မြုပ်မှုတစ်ခု တွင်လည်း လူနှစ်ဦးသေဆုံးပြီး ငါးဦး ပျောက်ဆုံးခဲ့သည်။ သို့သော်လည်း အဆိုပါစာရင်းကိုသဘာဝဘေးကြောင့် သေဆုံးသည့် စာရင်းထဲမထည့်ဘဲ ပင်လယ်ရေကြောင်း မတော်တဆမှု အဖြစ် သတ်မှတ်ခဲ့သည်။

နိုင်ငံတစ်ဝန်း အိမ်ထောင်စုပေါင်း ၁၈၅၃ စုတွင် လူပေါင်း ၃၀၅၉ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိုက်ပျိုးမြေဧက ၈၄၃၉ ဟက်တာ ပျက်စီးခဲ့ပြီး အဆောက်အအုံနှင့် ပိုင်ဆိုင်မှုပေါင်း ၈၂၄၆ ခုလည်း ပျက်စီးခဲ့သည်။

**ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဘန်ပိုဟန်ဂန်အပန်းဖြေနေရာ ရေနစ်မြုပ်နေသည်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။

# ၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့် အောင်စာရင်း ထုတ်ပြန်ကြေညာ
# သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာ ဘာသာတွဲများ အမှတ်အများဆုံး ကျောင်းသားများစာရင်း

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၂) ဦး စာရင်း (သိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးထွက်ဘာသာပေါင်း | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆဒဂ ၁၉၀ | မမေသက်ထွန်း | ဓ၊ရ၊ဇ | အထက(၁)၊ ဒဂုံ | 552 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၂ | ဆကရ ၆၈ | မဆုပြည့်ပြည့်စံ | ဓ၊ရ၊ဇ | အထက၊လှေ့ကျင့်ရေး (ကမာရွတ်) | 550 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၃ | ဆကရ ၁၁၈ | မောင်ဇင်လှိုင်ထူး | ဓ၊ရ၊ဇ | အထက၊လှေ့ကျင့်ရေး (ကမာရွတ်) | 549 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၄ | ဆဒဂ ၃၄၃ | မကျော့ဟေမာနှင်းမျိုး | ဓ၊ရ၊ဇ | အထက(၁)၊ ဒဂုံ | 549 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၅ | မလ ၆၁၆ | မအေးမဉ္ဇူဖွေး | ဓ၊ရ၊ဇ | က.ပ.က၊ မိသားစု၊ မလှိုင် | 549 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၆ | ဆစခ ၂၀၉ | မစုပြည့်မောင် | ဓ၊ရ၊ဇ | အထက(၂)၊ စမ်းချောင်း | 548 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၇ | ဆဒဂ ၁၉၂ | မချောနန္ဒာ | ဓ၊ရ၊ဇ | အထက(၁)၊ ဒဂုံ | 548 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၈ | ဆဗဟ ၄၀၀ | မမိုးသဲနိုင် | ဓ၊ရ၊ဇ | အထက(၂)၊ ဗဟန်း | 548 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၉ | ဆကရ ၃၉၈ | မောင်ကျော်ရဲသူ | ဓ၊ရ၊ဇ | အထက၊လှေ့ကျင့်ရေး (ကမာရွတ်) | 547 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၀ | ဆကရ ၄၄၉ | မောင်ဟိန်းလင်းသန့် | ဓ၊ရ၊ဇ | အထက၊လှေ့ကျင့်ရေး (ကမာရွတ်) | 547 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၁ | ဆကတ ၄၈ | မောင်ကောင်းဆက်လင်း | ဓ၊ရ၊ဇ | အထက၊ကျောက်တံတား | 547 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၂ | မနတ ၂၃၃ | မယဉ်မင်းသန့် | ဓ၊ရ၊ဇ | က.ပ.က၊ ဆု၊ ချမ်းအေးသာစံ | 547 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၁) ဦး စာရင်း (ဝိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးထွက်ဘာသာပေါင်း | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆဗထ ၁၀၈၂ | မောင်အာကာမြင့်မြတ် | ဓ၊ရ၊ဘဂ | အထက(၅)၊ ဗိုလ်တထောင် | 516 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၂ | အမ ၉၈၈ | မောင်ငြိမ်းမင်းသန့် | ဓ၊ရ၊ဘဂ | ကပက၊မဟာ၊ မြောင်းမြ | 512 | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၃ | ဆသယ ၂၇၉၉ | မောင်သက်မောင်မောင် | ဓ၊ရ၊ဘဂ | အထက(၁၅)လှိုင်သာယာ | 505 | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၄ | အယဗ ၁၂၄ | မောင်အောင်ပြည့်စုံ | ဓ၊ရ၊ဘဂ | အထက၊ထူးကြီး၊ အင်္ဂပူ | 503 | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၅ | ဆဒရ ၁၀၇၄ | မစ္စန်းလဲ့နဒီမောင် | ဓ၊ရ၊ဘဂ | အထက(၁)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | 499 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၆ | ဒက ၇၂၃ | မောင်ဖွဲ့ထက်ပိုင် | ဓ၊ရ၊ဘဂ | အထက(ခွဲ)လ(၂)၊ ကျောက်ဖြူ | 498 | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၇ | ဒပ ၁၃၃၇ | မောင်မင်းသိန်းနိုင် | ဓ၊ရ၊ဘဂ | အထက(၃)၊ မင်းပြား | 496 | ၅ | မြန်မာစာ၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၈ | အဂ ၆၄၉ | မောင်မင်းခန့်စည်သူ | ဓ၊ရ၊ဘဂ | အလွတ်ဖြေ၊ ကြံခင်း | 495 | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၉ | မထတ ၁၀၂၅ | မောင်ညီညီထွန်း | ဓ၊ရ၊ဘဂ | အလွတ်ဖြေ၊ မိတ္ထီလာ | 495 | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၀ | တမ ၂၇၉၅ | မခိုင်ဝတ်ရည်ထွန်း | ဓ၊ရ၊ဘဂ | ကပက၊ကန်စွန်းအင်း (မြိတ်) | 495 | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၁ | မနသ ၅၄၁၆ | မအေးကြည်ဖြူ | ဓ၊ရ၊ဘဂ | ကပက၊ VEC၊ ချမ်းမြသာစည် | 495 | ၄ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ |

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး ရရှိသူ (၁၀)ဦး စာရင်း (ဝိဇ္ဇာဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးထွက်ဘာသာပေါင်း | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | အဂတ ၇၀၈ | မောင်ဝေယံလင်းကျော် | ပ၊သ၊မ၊ဘဂ | အထက၊ရေနံ့တောင်၊ ကြံခင်း | 520 | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၂ | အဂတ ၈၂၀ | မစုပိုပိုအောင် | ပ၊သ၊မ၊ဘဂ | အထက၊ရေနံ့တောင်၊ ကြံခင်း | 498 | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၃ | ဖဂရ ၈၀၉ | မောင်စိုးမင်းဦး | ပ၊သ၊မ၊ဘဂ | အထက၊ရွှံးရှိ (ဂန့်ဂေါ) | 494 | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၄ | စဟ ၂၄၈၃ | မဂျူးဂျူးခင် | ပ၊သ၊မ၊ဘဂ | ဟုမ္မလင်း | 489 | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၅ | ကညပ ၁၄၈၁ | မသန္တာဦး | ပ၊သ၊မ၊ဘဂ | ကပက၊ဒေါ်ခင်သန်းမူ၊ဟိုပင် | 489 | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၆ | ရခဥ ၁၂၃၄ | မောင်သူရအောင် | ပ၊သ၊မ၊ဘဂ | အထက၊ ငါးအိုး | 485 | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၇ | ဖညရ ၁၅၀၅ | မဇင်မာစိုး | ပ၊သ၊မ၊ဘဂ | အထက၊ဆေးပင်ကြီး (ပေါက်) | 485 | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၈ | စငပ ၉၆၈ | မောင်ဟိန်းထက်အောင် | ပ၊သ၊မ၊ဘဂ | ပန်းသာ(မော်လိုက်) | 485 | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၉ | ဖဂရ ၇၁၂ | မနှင်းအိစံ | ပ၊သ၊မ၊ဘဂ | အထက၊ရွှံးရှိ (ဂန့်ဂေါ) | 485 | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၁၀ | ကညမ ၁၃၄၅ | မလွမ်းနော | ပ၊သ၊မ၊ဘဂ | ထ(ခွဲ)လယ်မှီး၊ မိုးညှင်း | 484 | ၄ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ |

# စီးပွားရေးပိတ်ဆို့မှုက ဆီးရီးယားနိုင်ငံပဋိပက္ခအဆုံးသတ်နိုင်ရေး အဖြေတစ်ခုဖြစ်ပါ့မလား

◇◇◇◇ *ခြူးစန္ဒီနွေး* ◇◇◇◇

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ဟာ ဆီးရီးယားနိုင်ငံအပေါ် ပြင်းထန်တဲ့စီးပွားရေးပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။ သမ္မတဘာရှာအယ်အာဆတ်ရဲ့အုပ်ချုပ်မှုတွေ အဆုံးသတ်သွားစေဖို့နဲ့ လူသန်းတစ်ဝက်နီးပါး သေဆုံးစေခဲ့တဲ့ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ဖို့အရေး ပြင်းထန်တဲ့စီးပွားရေးပိတ်ဆို့မှုတွေ ပြုလုပ်ရတာပါလို့ အကြောင်းပြပြောဆိုခဲ့ပါတယ်။**

ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ အာဏာလွှဲပြောင်းပေးမှုကို သဘောမတူသေးသရွေ့ ဆီးရီးယားသမ္မတ အာဆတ်အပေါ် အမေရိကန်အစိုးရရဲ့ ဖိအားပေးမှုတွေဟာ အဆုံးသတ်သွားမှာမဟုတ်ဘူးလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။ ဒါပေမယ့်လည်း သံတမန်အသိုင်းအဝိုင်းနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကျွမ်းကျင်သူတွေကတော့ ဒီနည်းဗျူဟာကို စိုးရိမ်ကြပါတယ်။

## ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီခေါ်လာနိုင်မည်မဟုတ်

စီးပွားရေးပိတ်ဆို့မှုကို ဘယ်လောက်ပဲ ပြင်းပြင်းထန်ထန် ပြုလုပ်ပါစေ ဒီနည်းလမ်းနဲ့တော့ ဆီးရီးယားသမ္မတအာဆတ်ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲဝိုင်းဆီခေါ်လာနိုင်မှာ မဟုတ်ဘူးလို့ သူတို့က ထောက်ပြကြပါတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် အခြေအနေပိုဆိုးသွားမှာကတော့ စီးပွားရေးပြိုလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခပဲဖြစ်တယ်လို့ သံတမန်အသိုင်းအဝိုင်းနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကျွမ်းကျင်သူတွေက ပြောပါတယ်။ အကယ်၍သာ ဆီးရီးယားအစိုးရနဲ့ ၎င်းတို့ရဲ့ မဟာမိတ်တွေက စီးပွားရေးပိတ်ဆို့မှု ပြစ်ဒဏ်ကို လိုက်နာခဲ့ခြင်းမရှိဘူးဆိုရင် ထရမ့်အစိုးရအဖွဲ့ဟာ လွှတ်တော်ကပေးထားတဲ့ စီးပွားရေးပိတ်ဆို့နိုင်မှုအာဏာကို အလွန်အကျွံ သုံးဖြုန်းမိသလိုဖြစ်နိုင်တယ်လို့ ဝေဖန်သူတွေက သတိပေးထားကြပါတယ်။

## ပြဿနာအားလုံး ချုပ်ငြိမ်းမှာမဟုတ်

စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ရုံမျှနဲ့တော့ ဆီးရီးယားပြည်တွင်းစစ်ရဲ့ ပြဿနာအားလုံးကို ချုပ်ငြိမ်းသွားအောင် မလုပ်နိုင်ဘူးလို့ ဘဏ္ဍာရေးဌာန နိုင်ငံရပ်ခြားသားများ၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်သည့်ဌာနမှ ညွှန်ကြားရေးမှူးဂျွန်အီးစမစ်က ပြောပါတယ်။ ဆီးရီးယားအစိုးရအဖွဲ့အတွင်းကလူတွေကို တစ်သီတစ်တန်းကြီး ပိတ်ဆို့အရေးယူမှုစာရင်းမှာ ထည့်တာထက်ပိုကာ ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရရဲ့ လုပ်ဆောင်မှုတွေကို နားလည်ဖို့ခက်ခဲ့တယ်လို့ သူက ဆက်ပြောပါတယ်။

## ရွေးချယ်ခွင့်ပေးထား

ဆီးရီးယားနိုင်ငံအပေါ် နောက်ဆုံးချမှတ်ခဲ့တဲ့ပိတ်ဆို့မှုကိုတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာပဲ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့ပြီး ဇွန်လလယ်ပိုင်းလောက်မှာ စတင်သက်ရောက်ခဲ့ပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ အဓိက အရေးကြီးကဏ္ဍတွေဖြစ်တဲ့ ပြည်တွင်းရေနံလုပ်ငန်း၊ အစိုးရထိန်းသိမ်းထားသောနေရာတွေမှာရှိတဲ့ ဆောက်လုပ်ရေးနဲ့ အင်ဂျင်နီယာလုပ်ငန်း၊ ဆီးရီးယားတပ်ဖွဲ့တို့နဲ့ ဆက်စပ်မှုရှိတဲ့ လူတစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတွေကို ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်တာပဲ ဖြစ်ပါတယ်။ လွှတ်တော်ကတော့ ကုမ္ပဏီတွေကို ရွေးချယ်ခွင့်ပေးထားပါတယ်။ ဆီးရီးယားအစိုးရနဲ့ လက်တွဲပြီး အလုပ်လုပ်ချင်လည်း လုပ်ပါ၊ ဒါပေမယ့် အမေရိကန် ဘဏ္ဍာရေးစနစ်နဲ့တော့ အဆက်အသွယ်ဖြတ်ရမယ်ဆိုပြီး ကုမ္ပဏီတွေကို ရွေးချယ်စရာပေးထားတယ်လို့ မစ္စတာစမစ်က ပြောပါတယ်။

## ရှေ့ဆက်မတိုးဘဲ ရပ်တန့်နေရ

ဇွန်လကစတင်ပြီး ဆီးရီးယားအစိုးရနဲ့ ရင်းနှီးတဲ့ အထက်တန်းလွှာတွေအပေါ် အမေရိကန်က ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ခဲ့ပြီး အဲဒီအထဲမှာ သမ္မတအာဆတ်ရဲ့ ဇနီးနဲ့ အကြီးဆုံးသားလည်း ပါဝင်တယ်လို့ သိရပါတယ်။ စီးပွားရေးသမားတွေအတွက်ကတော့ ဆီးရီးယားအစိုးရ သိမ်းပိုက်ထားတဲ့နယ်မြေတွေမှာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ ပစ်မှတ်ထားနေတယ်။ ပိတ်ဆို့မှုတွေကြောင့် တိုင်းပြည်အတွင်း စိုးရိမ်ပူပန်မှုတွေ ပိုပြီးတိုးလာတယ်လို့ ကျွမ်းကျင်သူတွေက ပြောကြပါတယ်။ ဆီးရီးယားမြို့ပြနဲ့ ကျေးလက်ဒေသတွေမှာ အဆောက်အအုံတွေ ပြန်ဆောက်ဖို့ ကုမ္ပဏီတွေက စိတ်ဝင်စားနေကြတယ်။ အဆောက်အအုံတွေ ပြန်တည်ဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံကနေ ၄၀၀ ဘီလီယံအထိ လိုအပ်တာကြောင့် အဲဒီဒေသတွေမှာ စီးပွားရေးလုပ်ဖို့ လက်တွန့်ကုန်ကြတယ်။ ဒါကြောင့်မို့ ဆီးရီးယားနိုင်ငံရဲ့ ပြန်လည်ထူထောင်ရေးလမ်းကြောင်းဟာလည်း ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်တန့်နေရတယ်။

## ဆန္ဒပြမှုပေါ်ပေါက်

အမေရိကန်ပြည်ထောင်စုက ဇွန်လလယ်မှာ စီးပွားရေး ပိတ်ဆို့မှုပြုလုပ်လိုက်တဲ့အခါမှာတော့ ဆီးရီးယားငွေကြေးတန်ဖိုးဟာ ၄၄ ရာခိုင်နှုန်း ကျဆင်းသွားတယ်။ သမ္မတထရမ့်အစိုးရအဖွဲ့ကတော့ ဒီလိုပြုလုပ်ခြင်းဟာ စီးပွားရေးနဲ့ နိုင်ငံရေးအရ ဖိအားပေးခြင်းဖြစ်ပြီး နောက်ထပ်အရေးယူမှုတွေလည်း ထပ်လာဖို့ ရှိတယ်လို့ ပြောခဲ့ပါတယ်။ ငွေကြေးတန်ဖိုးဟာ တန်ဖိုးမရှိသလောက်ကိုပါပဲ။ အခြေခံကုန်စည်ပစ္စည်းတွေအတွက် ဝယ်ယူဖို့ မတတ်နိုင်အောင် ဖြစ်သွားရတယ်။ နိုင်ငံရဲ့အစိတ်အပိုင်းတချို့မှာ လူနေထိုင်မှု အခြေအနေဆိုးရွားလွန်းတာကြောင့် ကန့်ကွက်ဆန္ဒပြမှုတွေ ပေါ်ပေါက်လာပါတော့တယ်။ ဒီကြားထဲ ကိုဗစ် - ၁၉ ရောဂါက ဝင်ရောက်နေရာယူလာပြန်ပါတယ်။ ဆီးရီးယားရဲ့အဓိက ကုန်သွယ်ရေးမိတ်ဖက်ဖြစ်တဲ့ လက်ဘနွန်မှာလည်း စီးပွားရေးကျဆင်းမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

## ခေါင်းခဲစရာဖြစ်လာ

ဆီးရီးယားနိုင်ငံအတွင်း ပြည်သူ ၈၀ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေတဲ့ အခြေအနေတွေအောက်မှာ ရှင်သန်နေထိုင်နေရပါတယ်။ အမေရိကန်ရဲ့ ပိတ်ဆို့မှုကြောင့် ဆီးရီးယား သာမန်ပြည်သူတွေရဲ့ဘဝ ပိုပြီးအခက်တွေ့ရသလားဆိုတာကတော့ စိတ်ဝင်စားဖွယ် မေးခွန်းပါပဲ။ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေအောက်မှာ စီးပွားရေးလုပ်ငန်းနဲ့ စက်ရုံပိုင်ရှင်တွေဟာ ပို့ကုန်သွင်းကုန်လုပ်ငန်းလုပ်တဲ့အခါမှာ ခေါင်းခဲစရာတွေ ဖြစ်လာတယ်။ အမေရိကန်ရဲ့ ပိတ်ဆို့မှုကို ကြောက်တာကြောင့် ပစ္စည်းဝယ်ယူသူတွေ အပြည်ပြည်ဆိုင်ရာကဖောက်သည်တွေ ဆုံးရှုံးလာတယ်။ စူပါမားကက်တွေမှာလည်း ပြည်ပသွင်းကုန်ပစ္စည်းတွေနေရာမှာ ဈေးပေါပြီး အရည်အသွေးနိမ့်ကျတဲ့ ဆီးရီးယားနဲ့ အီရန်လုပ်ပစ္စည်းတွေ နေရာယူလာတယ်။

## တစ်ပူပေါ်နှစ်ပူဆင့်

အီရန်နိုင်ငံ ကိုယ်တိုင်ကလည်း အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုဒဏ်ခံနေရပြီး ဆီးရီးယားကို ပစ်ပယ်ထားလို့ မရနိုင်ဘူး။ ဆီးရီးယားမှာတော့ ပိတ်ဆို့မှုဆိုတာထက် ပြည်တွင်းစစ်ကြောင့် ဆေးရုံတွေ၊ မြို့တွေ၊ စက်ရုံတွေနဲ့ အခြေခံအဆောက်အအုံတွေ လျော့ပါးနေပါတယ်။ အစိုးရနဲ့ အာဆတ်နှင့် ရင်းနှီးသူစီးပွားရေးလုပ်ငန်းရှင်တွေကြား အကျင့်ပျက်ခြစားမှုတွေကြောင့် ကုန်ဈေးနှုန်းတွေ ကြီးမြင့်ရတယ်ဆိုပြီး ဒမတ်စကတ်မြို့အနီး အယ်မီဒင်မြို့က ဈေးဆိုင်ရှင်တစ်ဦးက ပြောပါတယ်။ အကျင့်ပျက်ခြစားမှုတွေ၊ အစိုးရစစ်ဆေးရေးဂိတ်တွေနဲ့ လုယက်သူတွေကြောင့် အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့တာထက် ပိုပြီးစီးပွားရေးမှာထိခိုက်ရတယ်လို့ သူကဆက်ပြောပါတယ်။ ပြည်တွင်းစစ်ကြောင့် အစစအရာရာ ဆိုးရွားနေရတဲ့ ဆီးရီးယားမှာ စီးပွားရေးပိတ်ဆို့မှုတွေကလည်း တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလိုပါပဲ။

## အကျပ်အတည်းပိုဖြစ်လာနိုင်

ကျွမ်းကျင်သူတွေရဲ့သတိပေးမှုကတော့ အမေရိကန်အနေနဲ့ ကျယ်ပြန့်တဲ့ သံတမန်ရေးရာဆိုင်ရာအားထုတ်မှု မရှိဘဲ စီးပွားရေးပိတ်ဆို့မှုတွေချည်း လုပ်ဆောင်နေမယ်ဆိုရင် ဆီးရီးယားမှာ ခေါင်းဆောင်ပိုင်း အချိန်းအပြောင်းဖြစ်ဖို့ထက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေပဲ ပိုပြီးတော့ဖြစ်လာမယ်ဆိုတာပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၉၁**

**ရက်သာ**


**လိုတော့သည်။**

❑ *ကျောဖုံးမှ*

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲစာရင်းမှန်ကန်ရေး မြို့နယ်စစ်ဆေးရေးအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲစာရင်းမှန်ကန်ရေး မြို့နယ်စစ်ဆေးရေးအဖွဲ့ဝင်များသည် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ ပြုစုထားရှိပြီးဖြစ်သည့် မဲဆန္ဒရှင်စာရင်းများတွင် အိမ်ထောင်စုလူဦးရေစာရင်း မှန်ကန်မှု ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားပါ အချက်အလက် မှန်ကန်မှု ရှိ/မရှိ၊ မဲစာရင်း၌ အမည်(သို့မဟုတ်)နေရပ်နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ မှားယွင်းမှု ရှိ/ မရှိ၊ မဲဆန္ဒရှင် စာရင်းများ ကျန်ရှိမှု ရှိ/မရှိ အိမ်တိုင်ရာရောက် ကွင်းဆင်းတိုက်ဆိုင်ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်စာရင်းတွင် မပါရှိပါက ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)တွင် ဖြည့်စွက်၍ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့စေရေး ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**




## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

# ပေါ့ဆ၍ မဖြစ်သေး



သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာ မဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည် မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း၊

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ် ထိန်းချုပ် ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၆၅၇) ခု အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၂၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၁၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊

စုစုပေါင်း (၁,၃၃၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၅၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

၃။ (၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၀၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၁၀၃) ခု
- စုစုပေါင်း (၉၇၁)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-208,211) ရှိသဖြင့် စုစုပေါင်း (၃၁၁) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၀၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၇-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၈-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၀၃) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၇) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၁၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၃၄၄၁ | ၃၅၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၉၀၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၀၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၁ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၅၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၈-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၈-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၉၈၄၉၄ | ၂၆၁၈၀၂၅ | ၁၆၄၁၄၄ |
| ၂။ | ဘရာဇီး | ၂၉၆၇၀၆၄ | ၂၀၆၈၃၉၄ | ၉၉၇၀၂ |
| ၃။ | အိန္ဒိယ | ၂၁၀၈၇၀၅ | ၁၄၄၃၁၈၃ | ၄၂၇၉၈ |
| ၄။ | ရုရှား | ၈၈၂၃၄၇ | ၆၉၀၂၀၇ | ၁၄၈၅၄ |
| ၅။ | တောင်အာဖရိက | ၅၅၅၄၇၆ | ၃၉၄၇၅၉ | ၉၉၀၉ |
| ၆။ | မက္ကဆီကို | ၄၆၉၄၀၇ | ၃၁၃၃၈၆ | ၅၁၃၁၁ |
| ၇။ | ပီရူး | ၄၆၃၈၇၅ | ၃၁၄၃၃၂ | ၂၀၆၄၉ |
| ၈။ | ချီလီ | ၃၆၈၈၂၅ | ၃၄၂၁၆၈ | ၉၉၅၈ |
| ၉။ | ကိုလံဘီယာ | ၃၆၇၁၉၆ | ၁၉၈၄၉၅ | ၁၂၂၅၀ |
| ၁၀။ | စပိန် | ၃၆၁၄၄၂ | စိစစ်ဆဲ | ၂၈၅၀၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၂၆၈၈၅ | ၆၇၁၁၇ | ၂၂၀၉ |
| အင်ဒိုနီးရှား | ၁၂၃၅၀၃ | ၇၉၃၀၆ | ၅၆၅၈ |
| စင်ကာပူ | ၅၄၉၂၉ | ၄၈၃၁၂ | ၂၇ |
| မလေးရှား | ၉၀၇၀ | ၈၇၇၅ | ၁၂၅ |
| ထိုင်း | ၃၃၄၈ | ၃၁၅၀ | ၅၈ |
| ဗီယက်နမ် | ၇၉၇ | ၃၉၅ | ၁၀ |
| မြန်မာ | ၃၅၉ | ၃၁၁ | ၆ |
| ကမ္ဘောဒီးယား | ၂၄၆ | ၂၁၅ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# ကိုဗစ်-၁၉ ကာလအတွင်း စပါးသီးနှံအခြောက်ခံခြင်းနှင့် သိုလှောင်ခြင်းနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းပို့ချ

နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲနှင့် KOPIA Project တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း စပါးသီးနှံအခြောက်ခံခြင်းနှင့် သိုလှောင်ခြင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုသင်တန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)၌ ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသည်။ **(အောက်ပုံ)**

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးက စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရိတ်သိမ်းခြင်းလုပ်ငန်းသည် အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ ရိတ်သိမ်းခြွေလှေ့ပြီးနောက် အလေအလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် စနစ်တကျရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်းနှင့် သိုလှောင်သိမ်းဆည်းခြင်း နည်းစနစ်များသည် လွန်စွာအရေးကြီးကြောင်း၊ သို့မှသာ စပါးအထွက်နှုန်း၊ စပါးအရည်အသွေးနှင့် ဆန်အရည်အသွေးကောင်းမွန်မည်ဖြစ်ကြောင်းနှင့် သင်တန်းကာလ၌ စိုက်ပျိုးရေးပညာရှင်များအချင်းချင်း ကြုံတွေ့ရသည့် အခက်အခဲပြဿနာများအား ဆွေးနွေးအဖြေရှာကြစေလိုကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ကာလအတွင်း မျိုးစေ့အခက်အခဲမဖြစ်စေရန် ကိုယ်ပိုင်စပါးမျိုးစေ့ထုတ်လုပ်သူ တောင်သူများအတွက် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်များ စနစ်တကျစိုက်ပျိုးထုတ်လုပ် လာနိုင်စေရန်နှင့် သင်တန်းမှရရှိသော အတတ်ပညာများကို လက်တွေ့အသုံးချလာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်း၌ စပါးရိတ်သိမ်းချိန်လွန် နည်းပညာ၏ အရေးပါပုံ၊ စပါးရိတ်သိမ်းခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ စပါးသိုလှောင်ရာတွင် ကျရောက်သည့် ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနည်းလမ်းများ၊ စပါးသီးနှံအခြောက်ခံခြင်းနှင့် သိုလှောင်ရေးဆိုင်ရာ နည်းပညာ၊ သီးနှံအစိုဓာတ်၏ အရေးပါမှုများနှင့် အစိုဓာတ်တိုင်းကိရိယာ တိုင်းတာနည်းများ၊ စပါးသီးနှံ စနစ်တကျ အခြောက်ခံနည်းအမျိုးမျိုးနှင့် သိုလှောင်နည်းအမျိုးမျိုးတို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



# ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၃၉ ဦးအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ထပ်မံပို့ဆောင်ပေး

လားရှိုး ဩဂုတ် ၈

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ တစ်ဆင့်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၁၃၉ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၃၉ ဦးတို့တွင် ကချင်ပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မကွေးတိုင်း ဒေသကြီးမှ ၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၅၅ ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး၊ ရခိုင်ပြည်နယ်မှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဦးတို့ ဖြစ်ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဩဂုတ် ၈ ရက်အထိ အမျိုးသား ၈၈၄၀၊ အမျိုးသမီး ၅၅၂၈ ဦး စုစုပေါင်း ၁၄၃၆၈ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(မြန်/ဆက်)**

# ကျောက်စရစ်ကုန်းကျေးရွာ၌ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝါးလက်မှုပညာအခြေခံသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ ဓမ္မမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း၌ ဝါးလက်မှုပညာ အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်ပထမပတ်က ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က အမှာစကား ပြောကြားသည်။

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် အဆိုပါ ဝါးလက်မှုပညာ အခြေခံသင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

"သင်တန်းမှာ ဝါးနဲ့ပြုလုပ်တဲ့ ဆန်ကော၊ ဆန်ခါ၊ တိုင်ကပ်နာရီသုံးမျိုးကို လက်တွေ့သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ၏ စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေး စီမံချက်(CERP)နဲ့ ဖွင့်လှစ်တဲ့ သင်တန်းဖြစ်တဲ့ အတွက်ကြောင့် သင်တန်းသား သင်တန်းသူတွေအနေနဲ့ ဝါးနဲ့ပြုလုပ်တဲ့ ထုတ်ကုန်တွေကို တန်ဖိုးမြှင့် ထုတ်လုပ်နိုင်မှာဖြစ်ပြီး သင်တန်း ပြီးဆုံးတဲ့အခါမှာလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေမှာ ဖြစ်ပါတယ်။ ဈေးကွက်ရရှိရေးအတွက်လည်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေး အသင်းနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်တန်းသား သင်တန်းသူတွေကို တစ်ဦးလျှင် တစ်နေ့ ငွေကျပ် ၄၀၀၀ ထောက်ပံ့ပေးပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဇင်ထွန်းက ပြောသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာနှစ်ဦးဖြင့် ဩဂုတ် ၅ ရက်မှ ၁၅ ရက်အထိ ၁၁ ရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သင်တန်းအကြိမ် ၃၀၀ ဖြင့် အခြေခံပြည်သူ ၉၀၀၀ ကို အသေးစား လုပ်သုံးကုန်ပစ္စည်းများ၊ ရက်ကန်း၊ လျှပ်စစ်၊ ဝါး၊ အုန်းနှင့် ပတ်သက်သည့် အခြေခံသင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး ထုတ်ပြန်ချက်များနှင့်အညီ ပို့ချလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - နန်းမွန်ဟိန်း**



# ရှင်ဗွေယန်မြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့

**ရှင်ဗွေယန် ဩဂုတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစား အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်း ထောက်ပံ့ခြင်းအစီအစဉ်ကို ဇူလိုင် ၈ ရက်က ရှင်ဗွေယန်မြို့ အခြေခံပညာ အထက်တန်းကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းက နိုင်ငံတော်က ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ပထမအကြိမ်တွင် စားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးခြင်း၊ ယခုဒုတိယအကြိမ်အဖြစ် ထောက်ပံ့ငွေကျပ်နှစ်သောင်း ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာများက ရှင်ဗွေယန်မြို့အတွင်းရှိ မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာခြောက်ရွာတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၀၀၄ စုအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၄၀၀၈၀၀၀၀ ကို ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများထံ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**လင်းသွယ်ဦး(ပြန်/ဆက်)**

# ပင်လုံမြို့၌ နေရပ်ပြန်ပြည်သူ ၃၉ ဦး ဝင်ရောက်လာကာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ စနစ်တကျထားရှိ

**ပင်လုံ ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့သို့ ယနေ့ ည ၇ နာရီ မိနစ် ၅၀ က ထိုင်းနိုင်ငံ မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၉ ဦး ဝင်ရောက်လာကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ပြီး နေရပ်ပြန်လာသူများမှာ ရှမ်းပြည်နယ်တောင်ပိုင်းမှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၃ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၃၉ ဦး ဝင်ရောက်လာကြောင်း သိရကာ ၎င်းတို့ကို ပင်လုံတက္ကသိုလ်ဘော်ဒါဆောင် ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ စနစ်တကျ စီစဉ်ထားရှိပေး၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်ရေးအချက်အလက်ရယူခြင်းများ ဆောင်ရွက်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက သတ်မှတ်စောင့်ကြည့်ရေးစခန်း၌ (၁၀)ရက် ပြည့်မီအောင် နေထိုင်သွားကြရန်၊ လိုအပ်သည်များကို တင်ပြသွားရန်၊ ကန့်သတ်စောင့်ကြည့်နေထိုင်စဉ်ကာလအတွင်း သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာသွားရန်၊ မိမိတို့ ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားသည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၃၉ ဦးတို့၏ တံ့ဖတ်နမူနာကို ရန်ကုန် အမျိုးသားဓာတ်ခွဲစစ်ဆေးသည့်ဌာနသို့ နမူနာပေးပို့မည်ဖြစ်ပြီး ရောဂါပိုးကင်းစင်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာမြို့များသို့ စနစ်တကျလွှဲပြောင်းပေးမည်ဖြစ်ကာ ကျန် ၁၁ ရက်ကို သက်ဆိုင်ရာမြို့များရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်မြင့်ဆွေ**

● *ကျောဖုံးမှ*

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ ၅၇၇၂ ဦး စုစုပေါင်း ၆၁၃၈၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၃၁ ဦး၊ အမျိုးသမီး ၂၂၅ ဦး စုစုပေါင်း ၅၅၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## COVID – 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၈**


COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အချိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ (အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၄ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ဩဂုတ် ၇ ရက်မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၁ | နိုင်ငံကျော်မှုခင်းများနှင့်ထောင်တွင်း ဖြစ်ရပ်မှန် ဇာတ်လမ်းများ | လင်းမြတ်တေဇ | ပန်းဆက်လမ်း | ၂၅၀၀ |
| ၁၂ | အသက်ရှူသံတိုးတိုးကလေး | နွေလ | ဇလပ်နီ | ၂၇၀၀ |
| ၁၃ | ဘဝမှတ်တမ်းများ | ပါရဂူ | စိတ်ကူးချိုချို | ၃၅၀၀ |
| ၁၄ | ရှစ်လေးလုံးပြည်သူ့အရေးတော်ပုံကာလ နိုင်ငံပိုင်သတင်းစာများမှတ်စု | တက်ခေတ် (စုစည်းသည်) | စိတ်ကူးချိုချို | ၁၂၀၀၀ |
| ၁၅ | မှန်ကန်ဖို့လိုတဲ့အတွေးအမြင် | နတ်သျှင်(ရွှေဂူ) | Academic | ၂၅၀၀ |
| ၁၆ | စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး | ဇင်သန့် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၁၇ | သွေးစုပ်ဖုတ်ကောင်(စုံထောက်ကြီးဂျိမ်း) | မောင်ပြည့်လွင် | ဆုပြည့်စုံထွန်းစာပေ | ၁၅၀၀ |
| ၁၈ | စချစ်တာကမင်း ဆက်ချစ်ရတာငါ | ကလောင်စုံ | ကိုလတ်စာပေ | ၂၅၀၀ |
| ၁၉ | ငါးရာငါးဆယ်တိရစ္ဆာန်ပုံပြင်များ | ကလောင်စုံ | ကိုလတ်စာပေ | ၁၀၀၀ |
| ၂၀ | ကလေးတို့အတွက်ပုံပြင်ဆန်းကြယ် ဂျူလီယာနှင့်မှော်မိစ္ဆာ | ကလောင်စုံ | ကိုလတ်စာပေ | ၁၀၀၀ |
| ၂၁ | ဥရောပအတွေ့အကြုံများ | ဒေါက်တာအရှင်သုနန္ဒာ လင်္ကာရ(ဆွီဒင်) | ကိုလတ်စာပေ | ၂၅၀၀ |
| ၂၂ | လာမယ့်နေ့ရက်တိုင်းမှာ ကိုယ့်ကိုယ်ကိုယ်ပိုချစ်မယ် | သက်ထားခင် | ကိုလတ်စာပေ | ၂၀၀၀ |

*ဆက်လက်ဖော်ပြပါမည်*

## Chinese 8 Ball ဆီမီးဖိုင်နယ် ပထမနေ့ပွဲစဉ်တွင် အကြိတ်အနယ်ကစားပြီး ဘုန်းမြင့်ကျော် ကပ်ရှုံး

**ရန်ကုန် ဩဂုတ် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ပြုလုပ်လျက်ရှိသော Chinese 8 Ball ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီနှင့် လက်ရှိကမ္ဘာ့မာစတာချန်ပီယံ ချူဘင်ဂျီတို့၏ ဆီမီးဖိုင်နယ် ပထမနေ့ပွဲစဉ်ကို ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက ကစားခဲ့ရာ ချူဘင်ဂျီက ၂၁ ပွဲ၊ ပွဲ ၂၀ ဖြင့် ကပ်၍ အနိုင်ရသွားခဲ့သည်။

အားတီသည် စိတ်လှုပ်ရှားမှုကြောင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရပြီး ပထမပိုင်းတွင် ၁၂ ပွဲ၊ ၈ ပွဲဖြင့် ရှုံးနိမ့်နေခဲ့သည်။ ဒုတိယပိုင်း၌ ပုံမှန်လက်ရည် ပြန်ရခဲ့ပြီး ၁၃ ပွဲစီ တူသည်အထိ ပြန်လိုက်နိုင်ခဲ့ကာ ပွဲငယ် ၁၄ ပွဲမှ စတင်၍ တောက်လျှောက် ဦးဆောင်နိုင်ခဲ့သည့်အတွက် ပွဲ ၂၀၊ ၁၈ ပွဲအထိ အနိုင်ရနေခဲ့သည်။ ပွဲပြီးရန် တစ်ပွဲအလို၌ အမှားတချို့ကြောင့် ချူဘင်ဂျီက သုံးပွဲဆက်တိုက် အနိုင်ယူခဲ့သည့်အတွက် ၂၁ ပွဲ ၂၀ ပွဲဖြင့် ကပ်၍ ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်သည်။

အားတီနှင့် ချူဘင်ဂျီတို့၏ ဆီမီးဖိုင်နယ် ဒုတိယနေ့ပွဲစဉ်ကို ဩဂုတ် ၉ ရက် **(ယနေ့)** ညနေ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဆက်လက်ကစားမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဗိုလ်လုပွဲတက်နိုင်ခွင့်အတွက် ယနေ့ပွဲစဉ်ကို မဖြစ်မနေ အနိုင်ကစားရတော့မည် ဖြစ်သည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၉၃၈ | ၁၉၄၆၀၅၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၁၃၆၈ | ၅၁၃၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၃၅ | ၂၆၈၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၁၀ | ၁၀၉၈၄၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၆၃၃ | ၁၇၇၃၅၅၀ |
| EFR | ၂၉၅၀ | ၃၁၀၀ | ၁၄၆၉ | ၄၄၉၈၀၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


## မြန်မာ့အလင်း


| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်း သတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm



HTOO
ဟဲ့..မိဂွက်.. ကလေးတွေ ဆော့ကစား ကြပါစေဟယ်
ကလေးဆိုတာ ကလေးဘဝမှာပဲ လွတ်လွတ်လပ်လပ် ဆော့ကစားခွင့်ရကြရတာ.. လူကြီးဖြစ်သွားရင် ဆော့ချင်တိုင်း ဆော့လို့ မဖြစ်တော့ဘူးဟဲ့...
မဟုတ်ဘူး တော်ရေ.. ခု ဟာက...
ဟုတ်.. ဦးတင့်..


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟဲ့ ပလာတာတွေ မျက်နှာ မကောင်းပါလား။
ဗိုက် ဆာလို့ပါ၊
နင့်အဖေဆီက မုန့်ဖိုး မရဘူးလား၊
ရတယ်၊ မနက်က မုန့်ဝယ်စားလိုက်လို့ကုန်ပြီ၊
ဗိုက်ပြည့်တဲ့အကြံကို ဉာဏ်ငါ့မှာရှိတယ် သိလား၊
နင့်အကြံငါ သိတယ်၊
ဒါပေမယ့် ငါ့ဆီက မုန့်တောင်း စားဖို့စိတ်မကူးနဲ့နော်..၊


နင်တို့ကို အင်္ဂလိပ် ပုံပြင်ပြောပြမယ်...
ဟိုးရှေးရှေးတုန်းကတဲ့... "ဟမ်းပတီး ဒမ်းပတီး" လို့ခေါ်တဲ့ ကြက်ဥကြီး ဟာတဲ့...
အုတ်တံတိုင်းကြီးပေါ်ကို တက်ပြီး တော့ထိုင်သတဲ့...
တစ်နေ့တော့ "ဟမ်းပတီး ဒမ်းပတီး" ဟာ အုတ်တံတိုင်းပေါ်က လိမ့်ကျပြီး ကွဲသွားပါရောတဲ့...
ဘုရင်ကြီးရဲ့ ကိုယ်ရံတော်တွေလဲ သူ့ကို ပြန်ပြီး ကောင်းအောင်လုပ်မပေးနိုင်ကြတော့ပါဘူးတဲ့ ကွယ်...
နေစမ်းပါဦး မိမွေးရဲ့၊ "ဟမ်းပတီး ဒမ်းပတီး" က ဘာလို့ အုတ်တံတိုင်းပေါ် တက်ထိုင်ရတာတုန်း
ဆယ်လ်ဖီ တက်ဆွဲတာ နေမှာပေါ့...ဝတုတ်ရာ...
ဟား...ဟား... ဟား...ဟား...


ချစ်ချစ်




ပေါက်စန်

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# အိပ်ယာထဲမှာ ဘာကြောင့် ရှူးရှူးပေါက်ချမိတာလဲ

ကေ – ဂျူဝယ်လ်

ကလေးတို့အားလုံး ကျောင်းလည်းမတက်ရသေးတော့ ပျင်းနေကြပြီလား။ မိုးကလည်းရွာနေတော့ ဖိမ်ကျနေကြပြီ မဟုတ်လား။ ဒါနဲ့ကလေးတို့ အိပ်နေရင်း ရှူးရှူးပေါက်ချမိဖူးလား။ ကလေးပိစိကွေးလေးတုန်းကတော့ ပေါက်ချမိမှာပေါ့နော်။ အသက်ကြီးတဲ့ ကလေးကြီးတွေကတော့ အိပ်ရာပေါ်မှာ ရှူးရှူးမပေါက်ချတော့ဘူးလေ။ မမက ဒီတစ်ပတ်မှာ ပိစိကွေးမဟုတ်တော့တာတောင် ရှူးရှူးထွက်တဲ့ ကလေးလေးတို့အကြောင်းကို နည်းနည်းပြောပြမယ်နော်။






အိပ်ရာထဲမှာ ရှူးရှူးထွက်ကျတာကို Bed-Wetting လို့ ခေါ်ပါတယ်။ ငယ်ငယ်တုန်းက အနီးထုပ်ကလေးဘဝမှာတော့ မေမေတို့က မငြိုငြင်ဘဲ ကလေးတို့ရဲ့ အညစ်အကြေးတွေကို သန့်ရှင်းပေးကြတာပေါ့။ ဒါပေမယ့် နည်းနည်းအရွယ်ရလာပြီး သိတတ်လာတဲ့အခါ အိမ်သာခွက်မှာ ရှူးရှူးပေါက်တတ်အောင် လေ့ကျင့်ပေးကြပါတယ်။ ဒါပေမယ့် အချို့ကလေးကြီးတွေကတော့ အသက် ၁၀ နှစ်လောက်အထိ အိပ်နေရင်း ရှူးရှူးတွေပေါက်ချတော့ မေမေတို့တွေ စိတ်ညစ်ပြီး ဆူတာခံရတာပါပဲ။ ကလေးတို့ရော ပေါက်ချနေသေးလား။

အမှန်က မွေးစကနေ အသက် ၇ နှစ်အောက် ကလေးတွေ အိပ်ရာထဲမှာ ရှူးပေါက်ချတာက ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ ကလေးတို့ရေ။ အသက် ၇ နှစ်ကျော်လာပြီဆိုရင်တော့ မပေါက်ချသင့်တော့ဘူးပေါ့။ ဒါပေမယ့် အချို့ကလေးတွေက ဆယ်ကျော်သက်အထိ အိပ်ရာထဲ ရှူးပေါက်ချနေတာကို မမ တွေ့ဖူးတယ်။ အဲဒီလိုဖြစ်တဲ့ အကြောင်းတရားတွေကလည်း အများကြီးရှိပါတယ်။ အများစုကတော့ အိပ်ခါနီး ရေတွေသောက်၊ အစားစားသူတွေနဲ့ အိပ်ရာမဝင်ခင် ရှူးရှူးမပေါက်မိသူတွေပေါ့။ နောက်တစ်ခုက နေ့ခင်းဘက်မှာ ဒေါသတွေထွက်တာ၊ စိတ်လှုပ်ရှားစရာတွေ့တာတွေရှိရင်လည်း ညဘက်မှာယောင်ရမ်းပြီး ရှူးပေါက်ချတတ်ပါသတဲ့။ နောက်တစ်ခုကတော့ အိပ်ပျော်နေရင်း ဆီးအိမ်ကြီးတင်းလာတဲ့အခါ ဦးနှောက်ရဲ့စေ့ဆော်မှုအရ စွန့်ထုတ်လိုက်တာပါတဲ့။ နောက်ဆုံးတစ်ခုကတော့ မိဘတွေရန်ဖြစ်တာ၊ အဆင်မပြေတဲ့ မိသားစုအခြေအနေကြုံတာ၊ လိုချင်တာတွေကိုမရတာမျိုးကြုံရတဲ့ကလေးတွေက စိတ်ခံစားမှုပြင်းထန်ပြီး ရှူးရှူးထွက်ကျတာပါတဲ့။

ဒါက ရောဂါတစ်ခုတော့မဟုတ်ပါဘူးတဲ့ ကလေးတို့ရေ။ စိုးရိမ်စရာလည်းမကောင်းသလို ကျန်းမာရေးအတွက်လည်း အများကြီးမထိခိုက်ပါဘူးတဲ့။ ဒါပေမယ့် ကလေးတို့ မေမေတို့ကတော့ အလုပ်ပိုတာပေါ့ကွယ်။ အဝတ်အထည်နဲ့ အိပ်ရာခင်းတွေကို ခဏခဏလျှော်ဖွပ်ကြရတာကိုး။

ကာကွယ်ရမယ့် အလွယ်ဆုံး နည်းလမ်းတွေလည်း ရှိပါတယ်။ အဲဒါက အိပ်ခါနီး ရေတွေအများကြီးသောက်တာမျိုး၊ အစားတွေအများကြီးစားတာမျိုးကို ရှောင်ကြဉ်ရမှာပါ။ အိပ်ရာဝင်ခါနီးတိုင်း သွားတိုက်၊ ဆီးသွားတာမျိုး လေ့ကျင့်ယူရမယ်။ နောက်တစ်ခုက စိတ်ညစ်စရာတွေကိုတွေးပြီး မအိပ်ကြဘဲ ပျော်စရာတွေကိုပဲ တွေးပြီးအိပ်ကြနော်။ နှိုးစက်နာရီလေးထားပြီး အချိန်နဲ့ရှူးရှူးပေါက်ဖို့ သတိထားနိုင်ရင်လည်း ရပါတယ်။ ဆရာဝန်နဲ့တိုင်ပင်ပြီး ဆေးတစ်မျိုးလည်း ဝယ်သောက်လို့ရနိုင်ပါသေးတယ်။ ကဲ ကလေးတို့လည်း အိပ်နေရင်း ရှူးရှူးထွက်ကျတတ်တယ်ဆိုရင် လေ့ကျင့်ကြည့်ပါဦးနော်။

## လောကဝတ် (Etiquette)

# လိမ္မာယဉ်ကျေးဖို့ကြိုးစားကြမယ်

မမမေ

ကလေးလေးတို့အားလုံး မင်္ဂလာပါနော်။ မမက ကလေးတို့ကို အဖြစ်အပျက်လေးတစ်ခု ပြောပြလိုပါတယ်။ အဲဒါက နိုင်ငံတစ်ခုမှာ မီးတွေလောင်တော့ မီးသတ်သမားတွေက မီးငြိမ်းပေးကြတာပေါ့။ အဲဒီမှာ ထိခိုက်မိရင်း မီးသတ်ပိုက်ပေါက်သွားသတဲ့။ ကလေးလေးတစ်ဦးဟာ အဲဒီမီးသတ်ရေပိုက်အပေါက်ကို သူ့လက်ကလေးတွေနဲ့ ပိတ်ထားပြီး ရေမထွက်အောင်ထိန်းပေးနေသတဲ့။ သူလည်း ရေတွေစိုရွှဲနေတာပဲ။ လူကြီးတွေကတွေ့ပြီး သတိထားမိရာကနေ တစ်တိုင်းပြည်လုံးက ဂုဏ်ပြုကြ၊ နိုင်ငံတကာက ချီးကျူးကြနဲ့ သူက သူရဲကောင်းလေး ဖြစ်သွားတာပေါ့။ သူ့ကို သတင်းထောက်တွေက မေးသတဲ့။ အဲဒီလို ဘာလို့ကူညီတာလဲ ဆိုပြီးပေါ့။ သူက "ကျွန်တော်တတ်နိုင်တဲ့ဘက်က လူကြီးတွေကို ကူညီပေးတာပါ" လို့ ပြန်ဖြေတယ်။ လူတွေအပေါ် အကူအညီပေးတာ၊ စိတ်ချမ်းသာအောင် ထားတာ၊ ယဉ်ကျေးလိမ္မာတာတွေကို အားလုံးသဘောကျကြတာပဲ။ ကလေးတို့ကို ဒီတစ်ပတ်မှာ မမက စိတ်နေစိတ်ထားနဲ့ ပတ်သက်တဲ့ အဓိကသော့ချက်လေး သုံးခုကို ပြောပြလိုပါတယ်။



### ကိုယ်ချင်းစာပေးပါ

ကလေးတို့ မုန့်စားနေချိန်မှာ အနားမှာ အခြားရွယ်တူတစ်ယောက်က ငေးကြည့်နေတာမျိုး ကြုံဖူးလား။ အမှန်က ကလေးတို့ စားသောက်ရသလို စားသောက်ခွင့်မရတဲ့ ကလေးလေးတွေ၊ မိဘတွေဆုံးရှုံးသွားလို့ အားငယ်နေတဲ့ ကလေးတွေနဲ့ စစ်ဘေး၊ သဘာဝဘေးတွေကြောင့် ဒုက္ခကြုံတွေ့နေရတဲ့ ကလေးတွေ အများကြီးရှိပါတယ်။ သူတို့အတွက် ဖြစ်နိုင်ရင် ကိုယ်ချင်းစာပြီး ကိုယ့်ပတ်ဝန်းကျင်မှာရှိရင်လည်း ခွဲဝေကျွေးကြရမယ်နော်။ အဲဒီလိုပဲ ပညာသင်ခွင့်မရတဲ့ ကလေးတွေကိုပညာသင်ပေးတာ၊ နေမကောင်းတဲ့ကလေးတွေကို ကြင်နာပေးတာနဲ့ မိဘရင်ခွင်နဲ့ဝေးနေတဲ့ ကလေးလေးတွေ ရှိရင်လည်း နူးနူးညံ့ညံ့ဆက်ဆံပေးရမယ်နော်။

### ခွင့်လွှတ်ပေးပါ

စိတ်ဆိုးတဲ့အခါ ခွင့်မလွှတ်ချင်တဲ့ ခံစားချက်မျိုး ကလေးတို့ ဖြစ်ဖူးကြတယ် မဟုတ်လား။ သိပ်စိတ်ဆိုးစရာဆိုရင် ခွင့်လွှတ်ပေးဖို့ ခက်တာပေါ့နော်။ အမှန်က စိတ်ဆိုးလာတဲ့အခါ သူတို့ကို ပြောချင်တာ၊ ဆူပူချင်၊ ရိုက်နှက်ချင်တာတွေက မကောင်းတဲ့စိတ်တွေတဲ့ ကလေးတို့ရေ။ စိတ်ဆိုးတဲ့သူဟာ ရုပ်လည်းဆိုးသွားသလို ဒေါသကြီးတဲ့အတွက် နေမကောင်းလည်း ဖြစ်တတ်ပါသတဲ့။ ဒ့ါအပြင် ဒေါသတွေကြီးနေတဲ့ ကလေးကို ဘယ်သူကမှ မချစ်ရဲကြတော့ဘူးပေါ့နော်။ ဒါကြောင့် ကလေးတို့က သူများရဲ့အပြစ်တွေကို သိသည့်တိုင်အောင် ခွင့်လွှတ်ပေးလိုက်ပါ။ အဲဒါက ကလေးတို့အတွက်ရော၊ သူများတွေ အားလုံးအတွက် အေးချမ်းသွားတာပေါ့နော်။

### စဉ်းစားပြီးယုံ

ကလေးအများစုက မစဉ်းစားဘဲ သူများကိုယုံကြည်လိုက်တာဆိုပြီး စစ်တမ်းတစ်ခုမှာ မမ ဖတ်လိုက်ရတယ်။ ကလေးတွေဆိုတော့လည်း လူကြီးတွေပြောတာ၊ သူငယ်ချင်းတွေပြောတာတွေထဲက အသစ်အဆန်းတစ်ခုခု ကြားလိုက်ရင် ယုံကြည်လိုက်ကြတာပေါ့။



မှားသလား၊ မှန်သလားဆိုတာကို ကလေးလေးတွေက ဘယ်လိုသိနိုင်ပါ့မလဲနော်။ အဲဒါကြောင့် ဘယ်လိုကိစ္စပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် ကလေးတို့ ယုံကြည်စိတ်ချရတဲ့ မေမေနဲ့ဖေဖေ၊ ဆရာ ဆရာမတွေ၊ ဘိုးဘိုး၊ ဘွားဘွားတွေကို မေးမြန်းပြီး သေချာပြီဆိုမှ ယုံကြည်သင့်ပါတယ်။ မမတို့ စာတွေရေးတဲ့အခါ လူကြီးတွေက ပြောပြဖူးတယ်။ "ကြားရင်လည်းမယုံနဲ့၊ မြင်ရင်တောင် တစ်ဝက်ပဲယုံတဲ့" တစ်ခါတစ်ရံမှာ ကားရှေ့လူတစ်ယောက် လဲကျနေတယ်ဆိုပါစို့။ ကားတိုက်သွားတယ်ဆိုပြီး ထင်တာကို မပြောရဘူး။ တကယ်တိုက်မိတာလား။ သူ့ဟာသူလဲကျတာလား အမျိုးမျိုးဖြစ်နိုင်တယ်လေ။ အဲဒီတော့ ကလေးတို့လည်း သူများပြောတဲ့စကားတိုင်းကို မှန်လား၊ မမှန်လားဆိုတာ သေသေချာချာစဉ်းစားပြီးမှ ယုံကြည်စေချင်ပါတယ်။ အားလုံးပဲ စိတ်ချမ်းချမ်းသာသာနဲ့ သူများတွေရဲ့အကျိုးကို သယ်ပိုးတဲ့ကလေးလေးတွေ ဖြစ်ကြပါစေနော်။



# ပုသိမ်ကြီး၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၇ ရက် ညနေပိုင်းက ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဘိုဘိုထွန်း (ခ) အီစမန်ရင် မောင်းနှင်ပြီး ရန်နိုင်ဝင်း(ခ) ဘရက်ကတ်အလီ လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅ ပြား၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် မူဆယ်- မန္တလေးကားလမ်း မိုင်တိုင် အမှတ် (၈၀/၄)တွင် Nissan AD Van အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် စိုင်းဘအေး တင်ဆောင်လာသော ခြင်းသုံးခြင်းအတွင်းမှ ဘိန်းစိမ်း ၁၀ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခန့်တွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု ယမ်းခေါင်ကျေးရွာ ကျောက်ခွဲစက်အနီး တာချီလိတ်- မိုင်းဆတ် ကားလမ်းပေါ်တွင် For-tuner အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာ မော်တော်ယာဉ်အား လမ်းဘေးရပ်တန့်ထားပြီး ထွက်ပြေးတိမ်းရှောင်သွား၍ ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၉၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



တာချီလိတ်မြို့၌ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

# မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်း ဆိုင်ကယ်ခိုးယူခံရမှု ဖော်ထုတ်ဖမ်းဆီးရမိ

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၂ လမ်း ၇၄ လမ်းနှင့် ၇၅ လမ်းကြား မသွယ်ဇင်စိုး၏ နေအိမ်ရှေ့၌ ရပ်ထားသည့် ၎င်းပိုင် ဆိုင်ကယ်အား ဇူလိုင် ၂၇ ရက်က ခိုးယူခံရမှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူနှစ်ဦးအား အဆိုပါဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီး မှုခင်းအကူဌာနစိတ် တာဝန်ခံ ရဲအုပ်ဝင်းကျော်ဦးနှင့် အဖွဲ့သည် ပြစ်မှုကျူးလွန်သူများအား အသေးစိတ် စုံစမ်းအတည်ပြုခဲ့ကြပြီး ဩဂုတ် ၅ ရက်တွင် ပြစ်မှုကျူးလွန်သူ ဝေယံနိုင်(ခ) မြထွန်းအောင်အား စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်မှ လည်းကောင်း၊ ပူးတွဲပြစ်မှုကျူးလွန်သူ ဟိန်းမင်းထက်အား မန္တလေးမြို့၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီးခိုးယူခံရသည့် ဆိုင်ကယ်အား ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မန်းကိုယ်ပွား**



နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု လယ်ဝေးမြို့မှ ရဲအုပ် ယဉ်မောင်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃ ရက်က လယ်ဝေးမြို့ ဈေးမီးပွိုင့်လမ်းဆုံတွင် ဆိုင်ကယ်မောင်းနှင်သူများအား ဆိုင်ကယ်၏ ရှေ့မီး အနိမ့်ကို နေ့၊ ည ဖွင့်မောင်းနှင်ရန် ပညာပေးဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

# သာကေတမြို့နယ်ရှိ စက်သုံးဆီဆိုင်ဝင်းအတွင်း ဆီဘောက်ဆာယာဉ်တစ်စီးမီးလောင်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀ /မြောက် ရပ်ကွက် ရတနာလမ်းမကြီးပေါ်ရှိ Energy စက်သုံးဆီဆိုင်ဝင်းအတွင်း၌ ယနေ့ နံနက် ၃ နာရီ ၂၅ မိနစ်ခန့်က ဂါလန် ၅၀၀ ဆံ့ ဒီဇယ်ဆီဘောက်ဆာ ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားသည်။ (ယာပုံ)



မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း ဦးဆောင်သော ကွပ်ကဲမှုယာဉ် လေးစီးနှင့်အတူ မီးငြိမ်းသတ်ရေး ယာဉ် ၁၄ စီး အခြားအထောက်အကူပြု ယာဉ်များ၊ သန္ဓေ၊ အရန်မီးသတ် ၁၇၀ ကျော်တို့က သွားရောက်ငြိမ်းသတ်ကြသည်။

မီးစတင်လောင်စဉ်က ဆိုင်ရှိ ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်ခဲ့ကြသော်လည်း မီးလောင်မှုပိုမိုများပြားလာခဲ့ပြီး လောင်အားကောင်းလာခဲ့သော မီးအရှိန်ကို မီးသတ်တပ်ဖွဲ့ဝင်များက နံနက် ၃ နာရီ ၅၈ မိနစ်တွင် စတင်ထိန်းပေးနိုင်ခဲ့ပြီး နံနက် ၄ နာရီတွင် အပြီးငြိမ်းသတ်ပေးနိုင်ခဲ့သည်။

မီးလောင်ရခြင်း အကြောင်းမှာ ဆီဘောက်ဆာ၏ မိန်းဖြူးခုံအတွင်းသို့ ပေါက်နေသော ဝိုင်ယာကြိုးက သွားရောက်ထိမိရာမှ မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်အမှတ် 5L/---- ဆီဘောက်ဆာယာဉ်၏ တာယာများ၊ ဘက်ထရီအိုးများနှင့် ကားရှေ့ခန်းတို့မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုကြောင့် ယာဉ်မောင်း သူရဇော်(၃၉နှစ်) အား သာကေတမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် မန်စီးတီးတို့ ရီးရဲမက်ဒရစ်ကို အနိုင်ယူပြီး ကွာတားတက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ရာ ဩဂုတ် ၈ ရက် နံနက်ပိုင်းက အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးနှင့် ရီးရဲမက်ဒရစ်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအနိုင်ရရှိခဲ့သည်။ ယင်းနှစ်သင်းသည် ပထမအကျော့ စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အဝေးကွင်း၌ ရီးရဲကို အနိုင်ယူထားသဖြင့် မန်စီးတီးအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွားတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

## လိုင်ယွန်ကွာတားတက်

၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ် ဂျူဗင်တပ်စ်နှင့် လိုင်ယွန်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဂျူဗင်တပ်စ် အနိုင်ရရှိခဲ့သည်။ ယင်းပွဲ၏ သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် လိုင်ယွန်အတွက် ဒီပေးက ပယ်နယ်တီမှ သွင်းယူခဲ့ပြီး ၄၃ မိနစ်တွင် စီရော်နယ်ဒိုက ဂျူဗင်တပ်စ်အတွက် ပယ်နယ်တီမှ ချေပဂိုးသွင်းယူပေးသည်။ မိနစ် ၆၀ တွင် စီရော်နယ်ဒိုက အနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် ပထမအကျော့ ပြင်သစ်မြေတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး နှစ်ကျော့ပေါင်း ရလဒ် နှစ်ဂိုးစီတူညီသော်လည်း အိမ်ကွင်းပေးဂိုးကြောင့် ၁၆ သင်းအဆင့်မှ ဂျူဗင်တပ်စ်တို့ နှုတ်ဆက်ခဲ့ရကာ လိုင်ယွန်အသင်းက ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် မန်စီးတီးသည် လိုင်ယွန်နှင့်တွေ့ဆုံမည်ဖြစ်ပြီး လိုက်ပ်ဇစ်နှင့် အက်သလက်တီကို၊ အတ္တလန္တာနှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဩဂုတ် ၉ ရက်တွင် ယှဉ်ပြိုင်မည့် ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးအသင်းမှ အနိုင်ရရှိသည့်အသင်းနှင့် ဘာစီလိုနာနှင့် နာပိုလီမှ အနိုင်ရရှိသည့်အသင်းတို့သည် ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံမည်ဖြစ်သည်။

## ကွာတားဖိုင်နယ်ပွဲစဉ်များ

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲကို ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို ဩဂုတ် ၂၄ ရက် နံနက် ၁ နာရီခွဲတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

◆ *ကျောဖုံးမှ*

ဂါစီယာသည် မန်စီးတီးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းသည် စပိန် ယူ-၂၁ ကစားသမားကို ခေါ်ယူရန် ကြိုးစားလာခြင်းဖြစ်သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် ချန်ပီယံလိဂ် ၁၆ သင်း အဆင့်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးနောက်မှသာ အဆိုပါ ကစားသမားအတွက် ကမ်းလှမ်းမှုကို အကောင်အထည်ဖော်သွားဖွယ်ရှိသည်။

မန်စီးတီးအသင်းသည် ဂါစီယာအတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်း ဝန်းကျင်ခန့်အလိုရှိနေကြောင်း သိရသည်။ မန်စီးတီးအသင်းသည် ဂါစီယာအတွက် သင့်တော်သည့် ကမ်းလှမ်းမှုမျိုး လက်ခံမရရှိခဲ့လျှင် စာချုပ်သက်တမ်းကုန်ဆုံးမှသာ အသင်းမှ ထွက်ခွာခွင့်ပြုဖွယ်ရှိနေသည်။

**အောင်ဇော်**

# ရေတာရှည်မြို့နယ်၌ လျှပ်စစ်ဓာတ်ကြိုးပြုတ်ကျရာမှ ကျွဲလေးကောင် ဓာတ်လိုက်သေဆုံး

**ရေတာရှည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ အမှတ် (၆)သကြားစက်ရုံဝင်းအတွင်း ဩဂုတ် ၇ ရက် ည ၇ နာရီခွဲခန့်က ဝန်ထမ်းလိုင်း နောက်ကျောဘက်ရှိ လျှပ်စစ်ဓာတ်တိုင်မှ ဓာတ်ကြိုးပြုတ်ကျရာ ဒေသခံ တောင်သူတစ်ဦး၏ကျွဲလေးကောင် ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အေးထွန်းနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ဓာတ်တိုင်ပေါ်မှ လျှပ်စစ်ဓာတ်ကြိုးမှာ မြေပြင်ပေါ်သို့ ပြုတ်ကျနေချိန် အင်ဒိုင်းကျေးရွာနေ တောင်သူ ဦးမြသိန်း ပိုင်ဆိုင်သည့် ကျွဲလေးကောင် ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်**

# ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

အခန်း(၁၄)

**အယူခံခြင်း**

၃၂။ ကောင်စီက ပုဒ်မ ၃၁ အရ ချမှတ်သည့် အရေးယူမှုကိုသော်လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တို့အရ ချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၂ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၅)

**အထွေထွေ**

၃၅။ ဦးစီးဌာနသည် ကောင်စီ၏ရုံးလုပ်ငန်းများကို စီမံဆောင်ရွက်ရမည်။

၃၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့်ချီးမြှင့်ငွေများကို ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၇။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနနှင့် ကောင်စီတို့သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

ဇယား ၃

**ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေ**

(ပုဒ်မ ၁၉)

အပိုင်း ( ၁ )

**အစိုးရ၊ နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ**

၁။ အောက်ပါတို့သည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြစ်ကြသည်–

(က) ပုံမှန်အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ပေါ်ပေါက်လာသည့် နိုင်ငံတော်၏ ဝင်ငွေ၊

( ခ ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဝင်ငွေ၊

( ဂ ) ဒေသအဆင့် အာဏာပိုင်အဖွဲ့အစည်း၏ ဝင်ငွေ၊

(ဃ) သံတမန်ဆိုင်ရာ ကင်းလွတ်ခွင့်ဥပဒေတစ်ရပ် သို့မဟုတ် အလားတူဥပဒေတစ်ရပ်၊ သို့မဟုတ် နိုင်ငံတကာသဘောတူညီချက်တစ်ရပ်အရ ခွင့်ပြုပေးထားသည့် အတိုင်းအတာအထိ ပြည်ပနိုင်ငံတစ်ခု သို့မဟုတ် ပြည်ပနယ်မြေတစ်ခုမှ အစိုးရ၏ ဝင်ငွေ၊

( င ) သံတမန်ဆိုင်ရာ ကင်းလွတ်ခွင့်ဥပဒေတစ်ရပ် သို့မဟုတ် အလားတူဥပဒေတစ်ရပ်၊ ကုလသမဂ္ဂ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူညီချက်နှင့် ကုလသမဂ္ဂ၏ အထူးပြုအေဂျင်စီများ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူညီချက်တို့အပေါ် အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်၊ သို့မဟုတ် နိုင်ငံတကာသဘောတူညီချက်တစ်ရပ်အရ ခွင့်ပြုပေးထားသော အတိုင်းအတာအထိဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်၏ ဝင်ငွေ။

အပိုင်း ( ၂ )

**တစ်ဦးချင်းပုဂ္ဂိုလ်များ**

၁။ အောက်ပါတို့သည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြစ်ကြသည်–

(က) အခြေခံကုန်ကျစရိတ် သို့မဟုတ် ကလေးစရိတ်ထောက်ပံ့ငွေ၊

( ခ ) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသို့ ချီးမြှင့်သည့် တက္ကသိုလ်၊ ကောလိပ်၊ သို့မဟုတ် အခြားအဆင့်မြင့် ပညာသင်ကြားရေးဌာနတစ်ခုတွင် အချိန်ပြည့် ပညာသင်ယူခွင့်အတွက် ပညာသင်စရိတ်၊

( ဂ ) သံတမန်ဆိုင်ရာ ကင်းလွတ်ခွင့်ဥပဒေတစ်ရပ် သို့မဟုတ် အလားတူ ဥပဒေတစ်ရပ်၊ ကုလသမဂ္ဂ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူညီချက်နှင့် ကုလသမဂ္ဂ၏ အထူးပြုအေဂျင်စီများ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူညီချက်တို့အပေါ် အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်၊ သို့မဟုတ် နိုင်ငံတကာသဘောတူညီချက်တစ်ရပ်အရ ခွင့်ပြုပေးထားသည့် အတိုင်းအတာအထိဖြစ်သည့် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး၏ ဝင်ငွေ၊

(ဃ) ဝန်ထမ်းတစ်ဦးကရရှိသည့် ငွေသားမဟုတ်သည့် အောက်ပါ အကျိုးခံစားခွင့်များ –

(၁) အလုပ်ရှင်က အလားတူအကျိုးခံစားခွင့်များကို ပေးအပ်သည့် အကြိမ်အရေအတွက်ကို ထည့်သွင်းစဉ်းစားပြီးနောက် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် အလွန်နည်းပါးနေ၍ ယင်းကို စာရင်းမှတ်သားရန် ကျိုးကြောင်းမဆီလျော်ခြင်း သို့မဟုတ် စီမံအုပ်ချုပ်မှုနည်းလမ်းအရ လက်တွေ့မဆောင်ရွက်နိုင်ခြင်း၊

(၂) ဝန်ထမ်းများ၏ အကျိုးခံစားခွင့်အတွက် သီးသန့်ရည်ရွယ်လျက် အလုပ်ရှင်တစ်ဦးက သို့မဟုတ် ယင်း၏ကိုယ်စား ဖွင့်လှစ်ပေးထားသည့် စားသောက်တန်း၊ ကိုယ်တိုင်ယူစားသောက်ဆိုင်၊ သို့မဟုတ် ထမင်းစားခန်းတွင် ကျွေးမွေးခြင်းဖြစ်သည့်အပြင် ယာယီမဟုတ်သည့် ဝန်ထမ်းများအားလုံး တစ်ပြေးညီရရှိနိုင်သည့် တစ်နပ်စာအစားအစာ သို့မဟုတ် အဆာပြေစားသုံးမှု၊

(၃) ဝန်ထမ်းတစ်ဦးကို ပေးအပ်ထားသည့် နေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် အမှန်တကယ် ပေးဆောင်ရဖွယ်ရှိသည့် အိမ်လခ၏ ပြင်ပဈေးကွက်ပေါက်ဈေးသည် ကျပ် ၁၀ သိန်းအောက် လျော့နည်းပါက ယင်းနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာ၊

(င) အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးကိုယ်စား ပေးချေသည့် ကျန်းမာရေးအာမခံ ပရီမီယံနှင့် ဆေးကုသမှုအသုံးစရိတ်များ၊

(စ) အဖန်တလဲလဲမဟုတ်ဘဲ တစ်ခါတစ်ရံရရှိသည့်ငွေ၊ သို့သော် အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် လုပ်ငန်းတစ်ရပ်ရပ်မှ ဝင်ငွေတို့မပါဝင်စေရ။

အပိုင်း ( ၃ )

**အငြိမ်းစားယူမှုအတွက် စုဆောင်းငွေနှင့် ထုတ်ပေးငွေများ**

၁။ အောက်ပါတို့သည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြစ်ကြသည်–

(က) အငြိမ်းစားယူမှုအတွက် အလုပ်ရှင်မှ ထည့်ဝင်ငွေများ၊

( ခ ) အလုပ်မှ အငြိမ်းစားယူသည့်အခါ သို့မဟုတ် ရပ်စဲသည့်အခါ ဆန္ဒအလျောက် ဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ဥပဒေကြောင်းအရတရားစွဲဆိုမှု၏ ရလဒ်အဖြစ်ဖြစ်စေ ပေးအပ်ခြင်းဖြစ်ပြီး လုပ်သားလျှော့ချမှု သို့မဟုတ် အလုပ်အကိုင်ဆုံးရှုံးမှုအတွက် ရရှိသည့် မည်သည့် နစ်နာကြေးမဆို အပါအဝင် ဝန်ထမ်းက အလုပ်ရှင်ထံမှရရှိသည့် ဆုကြေး၊ လုပ်သက်ဆုငွေ၊ အငြိမ်းစားခွင့်ပြုငွေ၊ အလုပ်ရပ်စဲမှုအတွက်ပေးငွေ၊ လုပ်သားလျှော့ချမှုအတွက်ပေးငွေ၊ သို့မဟုတ် အခြားအလားတူ ငွေကြေးပမာဏ၊

(ဂ) ဝန်ထမ်းက အလုပ်ရှင်ထံမှ ရရှိသည့် ပင်စင်၊ နှစ်စဉ်ကြေး၊ သို့မဟုတ် ပင်စင် သို့မဟုတ် နှစ်စဉ်ကြေးအပေါ်တွင် ထပ်ဆောင်းပေးငွေ။

အပိုင်း ( ၄ )

**အမြတ်ဝေစုများနှင့် အတိုး**

၁။ ပြည်တွင်းနေ ကုမ္ပဏီတစ်ခုမှ ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးသို့ ပေးချေသည့် အမြတ်ဝေစုသည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြစ်သည်။ သို့ရာတွင် ဤအပိုဒ်သည် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခု၊ သို့မဟုတ် ယခင်က အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့သည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုက ဤဇယား၏ အပိုင်း( ၅ ) အပိုဒ် (၁)၊ အပိုဒ်ခွဲ (က) အရ ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေမှ ပေးချေသည့် အမြတ်ဝေစုအပေါ် သက်ရောက်ခြင်းမရှိစေရ။ ဤရည်ရွယ်ချက်အလို့ငှာ အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းတစ်ခု သို့မဟုတ် ယခင်က အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ခဲ့သည့် အဖွဲ့အစည်းတစ်ခုက ပေးချေသည့် အမြတ်ဝေစုကို ဤအပိုဒ်အရ ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေမှ ဦးစွာပေးချေသည်ဟု မှတ်ယူရမည်။

အပိုင်း ( ၅ )

**လူမှုရေးဆိုင်ရာ မူဝါဒနှင့် အစိုးရနှင့် နည်းပညာဆိုင်ရာ အကူအညီ**

၁။ အောက်ပါတို့သည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြစ်ကြသည်–

(က) အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုမှ ရရှိပြီး ယင်းအကျိုးအမြတ်မယူသည့် အဖွဲ့အစည်း၏ အဓိက လုပ်ဆောင်ချက်နှင့် တိုက်ရိုက်ဆက်စပ်ခြင်းမရှိသည့် လုပ်ငန်းမှ ဝင်ငွေမဟုတ်သည့် ဝင်ငွေ၊

( ခ ) အစိုးရသို့ဖြစ်စေ၊ တတိယပုဂ္ဂိုလ်သို့ဖြစ်စေ တစ်စုံတစ်ရာသောကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကို ပေးသွင်းခြင်းအတွက် အပြန်အလှန်သဘောဖြင့်ဖြစ်စေ၊ ယင်းနှင့် ဆက်စပ်လျက်ဖြစ်စေ မဟုတ်ဘဲ အစိုးရကပေးချေသည့် လျှော့ပေါ့သက်သာပေးငွေ၊ ခွင့်ပြုငွေ၊ အလုံးအရင်းပေးငွေ၊ သို့မဟုတ် အလားတူစီးပွားရေးဆိုင်ရာပံ့ပိုးမှု၊

( ဂ ) ဝန်ထမ်းတစ်ဦးအား အလုပ်သမားလျော်ကြေးဥပဒေ (Work-men's Compensation Law) အရ ပေးအပ်သည့် နစ်နာကြေး၊

(ဃ) အသစ်ထူထောင်သော ထုတ်လုပ်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း စည်းကြပ်ထိုက်သော ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ၊

( င ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ချီးမြှင့်သည့် ဆုကြေးငွေ၊

( စ ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ချီးမြှင့်သည့် ဆုကြေးငွေ၊

(ဆ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

( ဇ ) ရှေးဟောင်းပစ္စည်းများ တွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

အပိုင်း ( ၆ )

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ ဤဇယားတွင် **"နိုင်ငံတကာသဘောတူစာချုပ်"**ဆိုသည်မှာ အောက်ပါ သဘောတူစာချုပ် တစ်ရပ်ရပ်ကို ဆိုသည် –

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတစ်ရပ် သို့မဟုတ် အစိုးရများအကြား၊

( ခ ) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုအကြား။

ဇယား ၄

**တန်ဖိုးလျော့နှုန်းများ**

(ပုဒ်မ ၂၆)

၁။ အပိုဒ် ၂ နှင့် မဆန့်ကျင်စေဘဲ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်များအပေါ် သက်ရောက်သည့် တန်ဖိုးလျော့နှုန်းများမှာ အောက်ပါဇယားတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည် –

| တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် | မျဉ်းဖြောင့် စနစ်နှုန်း | တန်ဖိုးအဆင့်ဆင့် လျော့ကျသည့်နှုန်း |
|---|---|---|
| မော်တော်ယာဉ်များ၊ ခရီးသည် ၃၀ ဦးအောက် တင်ဆောင်နိုင်သည့်ဘတ်စ်ကားများနှင့် မီနီဘတ်စ်များ၊ ခုနစ်တန်အောက် ဝန်တင်နိုင်သည့်ကုန်တင်ယာဉ်များ၊ ကွန်ပျူတာများနှင့်အချက်အလက် ကိုင်တွယ်သည့် ကိရိယာများ၊ဆောက်လုပ်ရေးနှင့် မြေသယ်သည့် ယန္တရားများ။ | ၂၅ % | ၄၀ % |

*ဆက်လက်ဖော်ပြပါမည်*

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သန်လျင်ဂေါက်ကွင်း စားသောက်ဆိုင် ငှားရမ်းခြင်းလုပ်ငန်းအား ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ စတင်ငှားရမ်း သည့်ရက်မှစ၍ (၁)နှစ်တာကာလ ငှားရမ်းရန်အတွက် တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်ရက်** - ၁၀-၈-၂၀၂၀ရက်မှ ၇-၉-၂၀၂၀ ရက်ထိ

၃။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်နေရာ** -
(က) ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နေ့/ရက် - အချိန်နှင့်နေရာ** - ၈-၉-၂၀၂၀ (အင်္ဂါနေ့) ၁၂:၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၊ ဖုန်း-၀၉-၇၉၈၃၈၆၀၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်း လုပ်ငန်းတာဝန်ခံအဖွဲ့၊မြေယာရှုခင်းနှင့်အားကစားကွင်းများ၊ မြို့တော်ဂေါက်ကွင်းရှိ အောက်ဖော်ပြပါ စားသောက်ဆိုင်များ၏ အငှားချထားခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာ ရေးနှစ်၌ ဝန်ဆောင်မှုတင်ဒါစနစ် (တင်ဒါအောင်မြင်သူကိုသာ ဈေးနှုန်းယှဉ်ပြိုင်စေမည်ဖြစ်ပါသည်)ဖြင့် အငှားချထားဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ငွေသော်တာကွင်း ကလပ်ဟောက်စ်စားသောက်ဆိုင်နှင့်ကျင်းအမှတ် (၆၊၁၅)တို့ရှိ ကွင်းလယ်ဘားများ Lot No.(1)

(ခ) မြကန်သာကွင်း ကလပ်ဟောက်စ်စားသောက်ဆိုင်နှင့်ကျင်းအမှတ် (၄၊၁၃)တို့ရှိ ကွင်းလယ်ဘာများ Lot No.(2)

၂။ သို့ဖြစ်ပါ၍ တင်ဒါဝင်ရောက်ယှဉ်ပြိုင် လိုသူများသည် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို မြို့တော်ဂေါက်ကွင်းတွင်ဝယ်ယူနိုင်ပြီး (၁၄-၈-၂၀၂၀) ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ မြို့တော်ဂေါက်ကွင်းသို့ အောက်ဖော်ပြပါ အချက်အလက်အများနှင့်အတူတင်ဒါတင်သွင်းလျှောက်ထားနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၉-၄၉၄၄၅၄၄၆၅၊၀၉-၅၅၉၂၆၆၆၉၇တို့သို့ရုံးချိန်အတွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်-

(က) စားသောက်ဆိုင်လုပ်ငန်းဖွင့်လှစ်ရောင်းချသည့် အတွေ့အကြုံ၊
(ခ) စားသောက်ဆိုင်တည်ခင်းရောင်းချမည့်စာပွဲ၊ကုလားထိုင်အပါအဝင် မီးဖိုခန်း၊ ကောင် တာစနစ်၊ပစ္စည်းထားသိုခင်းကျင်းမှု
(ဂ) စားပွဲထိုးဝန်ထမ်းများ၏ ဝန်ဆောင်မှု
(ဃ) စားသောက်ကုန်ပစ္စည်းများနှင့် ဝန်ထမ်းများ ကျန်းမာရေးနှင့် ညီညွတ်မှု၊ အရည်အသွေး၊ အရည်အချင်း
(င) မျှတသက်သာသောနှုန်းထားဖြင့် ရောင်းချပေးနိုင်မှု

**ရန်ကုန်မြို့တော်ဂေါက်ကွင်းကြီးကြပ်ရေးအဖွဲ့**


(အခမဲ့)
GESC
တရုတ်စာသင်ကျောင်း
ဝန်ထမ်းချိတ်ဆက်ဝန်ဆောင်မှု
တရုတ်စာကို ကောင်းမွန်စွာ တတ်ကျွမ်းပြီး
ဖုန်း-၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်) မြေဧရိယာ (၀ဒသမ ၁၄၆)ဧက၊ မြေကွက်အမှတ်(ဒ-၃၂၇၁၄)၊ ဦးအောင်နိုင်ဆွေ(ဘ) ဦးတင်မောင်ဆွေ၃/ဘအန(နိုင်)၀၁၀၀၆၁ အမည်ပေါက် ပါမစ်မြေကွက်အား ရန်ကုန်စာချုပ်စာတမ်း မှတ်ပုံတင် ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ (၂၄၀၃၇/၂၀၁၉)ရရှိထားသူ ဦးထန်ကွဲရှန်(ခ) ဦးပြည့်စုံအောင်(ဘ) ဦးထန်တင်ယုံ၁၃/ကလတ(နိုင်)၀၂၄၀၄၇မှ မြေကွက်နေရာ (ယာယီ) ချထားပေးသည့်လက်မှတ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲအပ်စာ (၂၄၀၃၇/၂၀၁၉)မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေပေးမိန့်ကိုဦးထန်ကွဲရှန်(ခ)ဦးပြည့်စုံအောင်(ဘ) ဦးထန်တင်ယုံ ၁၃/ကလတ(နိုင်) ၀၂၄၀၄၇အား ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၁၁/ဃ)၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ သီရိရောလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်း မောင်ဘထွန်းအမည်ပေါက် ဘီ-လ/န-၃၉ (အိမ်ရာမြေ)အား အမည်ပေါက် မောင်ဘထွန်းထံမှ ဝယ်ယူထားသူ ဦးသိန်းမြင့်နှင့် ဦးဘထွန်း(ကွယ်လွန်)သဖြင့် သားသမီးများဖြစ်သူ ဦးညာဏ်၊ ဒေါ်မြသင်၊ ဒေါ်စောခင်၊ ဦးအေးတို့အား တရားပြိုင်ထား၍ သဃ်န်းကျွန်းမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် ၆၀/၁၇ ၏ စီရင်ချက်၊ ဇာရီမှုအမှတ် ၆/၂၀၁၈ ၏ အမိန့်၊ ဦးသိန်းမြင့်ထံမှ အရောင်းအဝယ်စာချုပ် ၂၀၃၄/၂၀၂၀ (၃-၄-၂၀၂၀) ဖြင့် (portion) ဝယ်ယူထားသူ ဒေါ်အေးအေးမူ ၁၂/လသန(နိုင်)၀၀၈၇၇၁ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၆၅/၂၀၂၀ (၂၅-၃-၂၀၂၀)ဖြင့်ရရှိသူ GP ဦးတီချင်းစိန်(ခ)ဦးတင်ထွန်း (၆/၂၁၇၁/၂၀၂၀)(၂၂-၆-၂၀၂၀)မှ တရားမကြီးမှု၊ ဇာရီမှု၊ အရောင်းအဝယ်စာချုပ်၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၆/၂၁၇၁/၂၀၂၀ (၂၂-၆-၂၀၂၀)တို့ကိုတင်ပြ၍ (တစ်ဖက်သတ်)မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၇၆၁

ဦးဇော်လတ် **နှင့်** ၁။ ဦးလှမြိုင်
၂။ ဒေါ်မြင့်မြင့်

**တရားလို** **တရားပြိုင်များ**

၁။ ဦးလှမြိုင်၊ ၂။ဒေါ်မြင့်မြင့်(အတူနေလင်မယား)၊ အကွက်(၄၉၉)၊ ဇွန်းစုရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နှင့် (ညည-၇၄)၊ (၄၉) လမ်း၊ ဗိုလ်ဗထူးလမ်းထောင့်၊ မင်းကြီးရန်နောင်လမ်း၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်နှင့်နေအိမ် အဆောက်အအုံတို့အား လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု (သို့မဟုတ်) ငွေကျပ်သိန်း(၃၅၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၅ရက် မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ ဦးကျော်အုန်း အမည်ပေါက် မြေကွက်အမှတ်(၈၂၇) အတွက် မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးပါရန် အမည်ပေါက်သူ ဦးကျော်အုန်း(သေဆုံး) ကိုယ်စား သားသမီးဖြစ်သူ ဒေါ်ဇင်မာကျော်၊ ဦးဆန်းအောင်တို့မှ နေပြည်တော် စည်ပင်သာယာတရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်အမှတ် (၉၆၉/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ အသိသက်သေ (၃)ဦးတို့မှ ပေါင်နှံခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ၎င်းမြေကွက်ကို ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်များတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးကျော်အုန်းအမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁)၊ ပန်းခြံ(၃)၊ ကုမုဒြာ-၄လမ်း၊ အမှတ်(၁၀၉/က)၊ အကျယ်အဝန်း(၂၀x၆၀) ပေရှိသော နေအိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးလချီမီးနား ၁၂/စခန(နိုင်)၀၅၇၂၇၇ ထံမှ ၎င်း၏အမည်ပေါက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ထွန်း ၇/ ပခန(နိုင်) ၂၅၉၄၅၈က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊မကွေးလမ်း၊(၂၀)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/6609 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7W/35425 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/4106 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/4753 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/2938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ရဟိုင်ကူးတို့ အုပ်စု၊ ကျောက်ကြီးကျေးရွာနေ ဦးထွန်းမင်းဇော် ၁၁/ဂမန(နိုင်) ၀၃၁၄၁၆၊ ဒေါ်ခိုင်စန္ဒာထွန်း ၁၁/ဂမန (နိုင်)၀၄၂၅၂၉ တို့၏ သမီး အထကခွဲ-ရဟိုင်ကွင်း G-7 မှ မချစ်နိုးဝေ ၁၁/ဂမန (နိုင်)၀၅၉၉၇၆အား ယနေ့မှစ၍ မအိမ့်သူသူကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံး၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၅၉

ဒေါ်မော်မော်သိန်း **နှင့်** ဦးကျော်နိုင်ဦး
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ထူးထူးဆွေ)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကရင်ချောင်းကျေးရွာ၊ ကွင်းအမှတ်(၅၆၁)၊ အမှတ်(၁၆)နေ ဦးကျော်နိုင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ရာမြေ(၃/က) လျှောက်ထားရန်နှင့် ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းဆွေဦး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံး၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၅၈

ဦးအောင်သူသန့်ဇင် **နှင့်** ဦးမြတ်ကျော်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၂)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၆၉)နေ ဦးမြတ်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ရက် (၁၃၈၂ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက် ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဆွေဦး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၄၆၉၈၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/7847 Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဝင်း ၅/ကလထ(နိုင်)၁၅၈၄၁၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8083 Nissan ADVY10 S/W (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက် ၅/ဝလန(နိုင်) ၀၉၆၂၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၁၈၁၆ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ဝင်းလှိုင် ၉/မခန (နိုင်)၁၅၂၄၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၆၂၂၈၄ Honda Scoopy110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအိ ၉/မရမ(နိုင်)၀၈၅၇၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၁၄၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဝင်း ၁၀/မလမ (နိုင်)၁၄၈၆၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်) တက္ကသိုလ်ဝင်တန်း(က)မှ မောင်ယောဟန်၏အမည်မှန်မှာ မောင်ဌါးလီတီဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအားဆီ ၁/မကန(နိုင်)၅၅၂၃၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်) တက္ကသိုလ်ဝင်တန်း(ခ)မှ မလေအယ်လီ ၁/မကန(နိုင်)၂၆၆၈၇၆၏ ဖခင်အမည်မှန်မှာ ဦးလာမလေး ၁/မကန(နိုင်) ၁၀၈၂၇၁ ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၁၂)၊ အိမ်အမှတ်(၃၈)နေ ဦးအားဖူဌါးရဲထွေ၏ အမည်မှန်မှာ ဦးအားဖူဌါးရီဒွေ ၁/မကန(နိုင်) ၀၅၅၁၉၈ ဖြစ်ကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း၊ မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း($B_7$)မှ မစွမ်းနွယ်နီလှိုင်နှင့် မစုလှိုင်မြင့်သည် တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၆-၂၀၀၄ဖြစ်၍ ၎င်း၏မိဘအမည်မှန်မှာ ဦးအောင်ကျော်ဦး၅/စကန(နိုင်) ၁၆၆၆၄၂ နှင့် ဒေါ်လှလှကြင် ၅/စကန(နိုင်) ၁၈၉၄၁၃ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်တစ်ဦးတည်း ဖြစ်ပါကြောင်း

ဝိုင်းမော်မြို့၊အမှတ်(၃)ရပ်ကွက်နေ မောင်လာမြာဖူး ၁/ဝမန(နိုင်) ၀၈၉၂၅၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁-၁၉၉၅ ဖြစ်ပြီး ၎င်း၏ဖခင် ဦးလာမြာလေး(ခ) ဦးလာမလေး ၁/ဝမန(နိုင်)၀၇၀၀၉၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထန်းတပင်မြို့နယ်၊ ဇီးဖြူသောင်ကျေးရွာနေ အုတ်တွင်းမြို့၊ ပညာမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးပြည့်ပြည့်ခိုင်နှင့် ဇီးဖြူသောင် အထက သတ္တမတန်းမှ မောင်အောင်မြတ်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှစိုး(ခ)ဦးလှမိုး ၇/ထတပ(နိုင်)၀၆၆၉၁၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးလှစိုး(ခ)ဦးလှမိုး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7435 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၉၇ တည်ရှိရာ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁ ဘီ၂၊ မြေကွက်အမှတ် IIClass 7-3rd Southern 1/6၊ဦးစိန်မြင့်(အယ်လ်တီ အေ-၀၀၁၀၂၇၊ ၁၂/လသန(နိုင်) ၀၁၀၁၆၄) အမည်ပေါက် မြေပိုင်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ဦးစိန်မြင့်သည် ၁၁-၁၂-၂၀၁၉ရက်တွင် ကွယ်လွန်၍ ဇနီး ဒေါ်လှယဉ်စိုး ၁၂/လသန(နိုင်)၀၁၈၃၇၂မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်း၊ မြေခွန်ပြေစာ၊ အရောင်းစာချုပ်အမှတ်- ၉၄၅/၂၀၀၀(၁၀-၅-၂၀၀၀)၊ အမြတ်ခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ယနေ့ မာ တိ ကာ

အိန္ဒိယတွင် လေယာဉ် ပြေးလမ်း ချော်မှုကြောင့် ၁၆ ဦးထက်မနည်း သေဆုံး
စာ ၁၂

၂၀၂၀-ပြည့်နှစ် တက္ကသိုလ် ဝင်ခွင့် အောင်စာရင်း ထုတ်ပြန်ကြေညာ သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာ ဘာသာတွဲများ အမှတ် အများဆုံး ကျောင်းသားများ စာရင်း
စာ ၁၄

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၆ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ●



မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးကို တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။

## လှိုင်ကော်မြို့တွင် မဲစာရင်းများ ကြေညာထားရှိပြီး မဲဆန္ဒရှင်များ ကြည့်ရှု



လှိုင်ကော် ဩဂုတ် ၈

လှိုင်ကော်မြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှစ၍ မဲစာရင်းများ ကြေညာထားရှိပြီး မဲရုံပေါင်း ၇၅ ရုံ၊ မဲဆန္ဒရှင် ၉၅၉၁၇ ဦး ရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းထံမှ သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ လှိုင်ကော်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များ၏ စာရင်းများ ပြည့်စုံမှန်ကန်ရေး၊ ပြည်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး၊ မဲဆန္ဒရှင် ပြည်သူများ သတ်မှတ်ရက်အတွင်း အချိန်မီမဲပေးနိုင်ရေး၊ အားနည်းချက်များ မဖြစ်ပေါ်စေရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ မဲစာရင်းကပ်ထားကြေညာနေမှုနှင့် ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ ၁၅ ကော်လံ ၁ ❑

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ငါးသိုင်းချောင်းနှင့် သာပေါင်းမြို့ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန် အသိပေး

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ရေဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ❖

## မန်စီးတီးမှ ဂါစီယာကို ပေါင် ၁၄ သန်းဖြင့် ဘာစီလိုနာ ကမ်းလှမ်းမည်

မန်စီးတီး ခံစစ်ကစားသမား အဲရစ်ဂါစီယာသည် အသင်း၏ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ပယ်ချလိုက်ပြီးနောက် ဘာစီလိုနာအသင်းအနေဖြင့် အဆိုပါ ကစားသမားကို လာမည့်ရက်များအတွင်း ပေါင် ၁၄ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် နီးစပ်လာပြီဖြစ်သော အသက် ၁၉ နှစ်အရွယ် ဂါစီယာကို အပြောင်းအရွှေ့ကာလတွင် ဦးစားပေးခေါ်ယူသွားရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ အဆိုပါ ကစားသမားသည် ဘာစီလိုနာလူငယ်အသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာလူငယ်အသင်းတွင် ကစားထားသူဖြစ်ကာ မန်စီးတီးအသင်းထံသို့ အသက် ၁၇ နှစ်အရွယ်တွင် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၄ ◆



